

ကိုကိုတို့အချစ်က မြင်းမိုရ်

# အခန်း (၁)

"တောက်....ဒီမိုးကလဲ"

ဒေါက်တာ စစ်မိုးဦး အကြီးအကျယ် ကျဲမြီးတိုသွားသည်။

အိမ်ခြံဝ ရောက်ခါနီး မှဆိုင်းမဆင့် ဗုံမပါ ရွာချလိုက်သော မိုးကြောင့် သူ့တစ်ကိုယ်လုံး တုတ်တုတ်ရွှဲသွားတော့သည်။

ဒေါက်တာ စစ်မိုးဦးသည် သူ့အပြစ်တော့သူမမြင်။

မိုးနှောင်းကာလရက်များ မို့ မိုးသည် ရွာချင်သည့်ရက်များ တွင် ရွာမည် ။ မရွာချင်သည့် ရက်များ တွင် မရွာဘဲရှိနေမည် ။

ဒါကို သူသိဖို့ကောင်းသည်။

ထီးကိုင်ရမှာ ကို သေမလောက်ကြောက်သော သူ့ကိုယ်သူတော့ အပြစ်မမြင်နေ၏ ။

သူသည် မိုးပေါ်ကို ငြိုး သလို တစ်ချက် မော်ကြည့်ပြီး ခြံတံခါးသော့ ကို ဖွင့်ကာ ခြံထဲသို့ ပြေးဝင်ခဲ့သည်။

ကိစ္စက မပြီးသေး။

ဖိနပ်ချွတ်ထဲ ရောက်တော့ အိမ်ဝင် တံခါးမကြီးသော့ ကို ဖွင့်လိုက်ရပြန်သည်။

"တောက်...ဂေးလ်ဘတ် ဆိုတဲ့ကောင် သူ့အိမ်ကို သံကွန်ချာ ခုနစ်ထပ်နဲ့တောင် အုပ်ထားချင်သလား မသိဘူး၊ ဟူး...."

အိမ်မကြီး တံခါးပွင့်သွားတော့မှ ဖိနပ်ချွတ်တွင် ရှိသော ကုလားထိုင်ပေါ်တွင် သူသည် ကိုယ်ကို ပစ်ချ၍ ထိုင်လိုက်သည်။

မောဟိုက်စွာ ဖြင့် ဦးခေါင်းကို ငုံ့၍ ရှူး ဖိနပ်ကို ချွတ်နေစဉ်....

လှစ်ခနဲ သူ့ရှေ့ကဖြတ်၍ အိမ်ထဲသို့ ပြေးဝင်သွားသော လူတစ်ရောက်ကို တွေ့လိုက်ရသည်။

“ဟာ...ဟေ့...ဟေ့..ဘယ်လိုလဲ”

ဖိနပ်ချွတ်တစ်ဘက် မချွတ်တစ်ဘက်နှင့် သူပါ အိမ်ထဲ ရောက်သွား၏ ။

“မင်း...မင်း..”

“တံခါး မြန်မြန်ပိတ်ပါ၊ တံခါး မြန်မြန်ပိတ်ပါရှင့်”

တံခါးမကြီးကို ကွယ်၍ လက်မောင်းကလေး နှစ် ဘက်ကို ပိုက်၍ ရပ်နေသော မိန်းမငယ်ကလေး တစ်ဦးက အထိတ်အလန့် ရှိလှစွာ ဖြင့် သူ့ကို တံခါးပိတ်ခိုင်းနေ၏ ။

သူသည် ယောင်တောင်တောင်နှင့် တံခါးမကြီးကို ဆွဲပိတ်လိုက်သည်။ ပြီးတောအပြင်ဘက်ကို ချောင်းမြောင်းကြည့်လိုက်သည်။

လူမပြောနှင့် ၊ ခွေးတစ်ကောင် ကြောင်တစ်မြီးသော်မှ မတွေ့ရ။ အပြင်ဘက်တွင် မှော င်ရိပ် ကတော့ သမ်းနေပြီ ဖြစ်သည်။

သူ မိန်းကလေးဘက်ကို ပြန်လှည့်ကြည့်လိုက်သည်။

“ကျေး.... ကျေးဇူးတင်ပါတယ်ရှင်”

မိန်းကလေးသည် စိတ်သက်သာရာ ရသွားဟန်ဖြင့် မျက်လုံးကလေးများ မှိတ်ထားပြီး အိမ်ထရံကို ကျောမှီကာ ပြောလိုက်သည်။

စစ်မိုးဦးသည် သူနှင့် လက်တစ်ကမ်းတွင် ရှိနေသော ဧည့်ခန်း မီးခလုတ်ကို ဖွင့်လိုက်သည်။

သူ့ အိမ်ထဲတွင် ရောက်ရှိနေသူကို လင်းဖြာကျလာသော မီးရောင် အောက်တွင် သဲကွဲစွာ မြင်ရလေပြီ။

ချောင်ပိတ်မိနေသော ကြွက်ကလေး တစ်ကောင်ကဲ့သို့ သူ့အားကြည့်နေသော

သူသည် ငယ်ရွယ်နုပျိုလှပလွန်းနေသော မိန်းကလေးတစ်ဦး။

မျက်နှာ မို့မို့ဝင်းဝင်း ကလေးပေါ်တွင် လိပ်ခွေနေသော ရေစိုနေသည့် ဆံပင်များ က ဖရိုဖရဲ ကျနေသည်။

ဝတ်ထားသော ဂျင်းရှပ်အင်္ကျီလက်ရှည်မှာ လည်း မိုးရေတွေ စိုစွတ်နေမှုကြောင့် သူကလေး၏ ကိုယ်ပေါ်တွင် ကပ်နေ၏ ။

ပင်ကိုယ်သဘာဝ အလှများ ကို ပီပြင်စွာ တွေ့မြင်နေရပေ၏ ။

ဝတ်ထားသော ပြောင်ထဘီ နက်ပြာရောင် မှာ လည်း သူ့ခါးအောက်ပိုင်းတွင် ကပ်၍ နေသည်။

ထဘီကို ခပ်တိုတို ဝတ်ဆင် ထားသော ကြောင့် ခြေသလုံးသား ဖွေးဖွေးမွတ်မွတ် စင်စင်ကလေးကို တွေ့ရ၏ ။

သူ့ခြေရင်းတွင် တစ်ကိုယ်လုံးပေါ်မှ တတောက်တောက် ကျနေသော မိုးရေများ က အိုင်ထွန်း၍ နေသည်။

သူ့ပခုံးတစ်ဘက်ပေါ်တွင် မိချောင်းရေခွံ လယ်သာ စလင်းဘက်ကလေးက လွယ်ထားလျှက်သား။

အားလုံး အကြောင်းအရာများ ကို စုစည်းလိုက်လျှင် သိပ်နု၊ သိပ်လှ၍ ပျို ရွယ်နေသော မိန်းကလေးတစ်ဦး၊ သူ့ အိမ်ထဲသို့ မပင့်မဖိတ်ဘဲ ရောက်ရှိနေခြင်းပင်။

“နေစမ်းပါဦး မင်းဘယ်လို ဖြစ်လာတာလဲ”

ခပ်မှု န်မှု န် မျက်နှာထားဖြင့် စစ်မိုးဦးက မေးလိုက်သည်။

မိန်းကလေး၏ စိုစိုဖူးဖူးနှုတ်ခမ်းကလေးများ တလှုပ်လှုပ် တရွရွ ဖြစ်လာ၏ ။

“ပြောစမ်းပါလေ မင်းဘယ်သူလဲ၊ ဘယ်ကလဲ၊ ငါ့အိမ်ထဲ ဘာ ဖြစ်လို့ ဝင်လာရတာ လဲ ဟင်”

"မုန် ..မုန် "

မိန်းကလေး၏ မျက်နက်ဝန်းဝန်းကလေးထဲမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏ ။

သူ့မျက်နှာကလေးပေါ်တွင် ဦးခေါင်းပေါ်မှ ကျလာနေသော မိုးစက်တို့နှင့် မျက်ဝန်းထဲမှ ကျလာနေသော မျက်ရည်ပေါက်တွေ က အပြိုင်အဆိုင်.....။

"မုန့် .... မုန့် နောက်ကို လူဆိုးတွေ လိုက်လာလို့ ကိုကို "

"ဟိုက်"

ဒေါက်တာစစ်မိုးဦး၏ ရင်ထဲတွင် နောက်ဆုံးပိတ် ကောင်မလေး၏ ပါးစပ်မှ ထွက်လာသော စကားနှစ် လုံးက ဟိုက်ခနဲ ဖြစ်သွားလေ၏ ။

"ကိုကိုတဲ့"

စစ်မိုးဦး သိပါသည်။ သူ့မျက်နှာက တင်းနေသော သံပတ်ကြီး သိသိသာသာ လျော့သွားမည် ကို။

"မုန့်...... မုန့်ကို ကူညီတာ သိပ်ကျေးဇူးတင်ပါတယ် ကိုကို.... သူ.....သူတို့သာ မိသွားရင် အို....မုန့်.... မုန် ရှေ့ဆက် မစဉ်းဝံ့ပါဘူး၊ အဟင့် ဟင့် ဟီးဟီး.."

မုန် မည် သော ကောင်မလေးသည် မျက်နှာကိုလက်ဝါးဖြင့် အုပ်ကာ တဟီးဟီး အသံထွက်၍ ငိုပါလေပြီ။

"ဟ....အဲဒါမှ ဒုက္ခ"

စစ်မိုးဦး ပျာယာခတ်သွားသည်။

ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။

မုန် တဟီးဟီး ငိုနေသည်ကို တွေ့ရတော့ သူ၏ တစ်ဦးတည်းသော ညီမငယ်ကလေး သက်ထားဝေကို ပြေး၍ အမှတ်ရမိလိုက်သည်။

မုန် သည် သက်ထားဝေ၏ အရွယ်။

မုန် ငိုနေပုံသည် သက်ထားဝေ ငိုတတ်လေ့ ရှိသည့် ပုံစံမျိုး ။

စောစောပိုင်းက သူ့အိမ်ထဲသို့ ဒီကောင်မလေး ဝင်လာရကောင်းလားဟု ဒေါသတွေ တအားကြီး ထွက်ခဲ့ပါသည်။

ခုတော့....

သည်ကောင်မလေး ငိုနေပုံကို ကြည့်ကာ သနားကြင်နာစိတ်များ ဒေါသနေရာတွင် အစားထိုး ဝင်၍ လာသည်။

"ကဲ...ကဲ မရွှေချောလေး ငိုလဲမနေပါနဲ့တော့ဗျာ၊ ဒီအတိုင်း ခင်ဗျားလေးရောေ၊ ကျုပ်ရော ဆက်နေရင် အအေးပတ်ပြီး၊ စော်ဘွားကြီးကုန်း ရောက်ကုန်ကြတော့မယ်"

"ဟင်.."

မုန် က အဓိပ္ပါယ် နားမလည်ဟန်ရှိသော မျက်နှာကလေးဖြင့် စစ်မိုးဦးကို ကြည့်လိုက်သည်။

"စော်ဘွားကြီးကုန်း ဆိုတာ အဓိပ္ပါယ် မပေါက်ဘူးလား"

ကောင်မလေးက ခေါင်းခါပြလိုက်သည်။

"အဲဒီ မှာ ဒီကနဲ့ အနီးဆုံး သင်္ချိုင်းကုန်း ရှိတယ်"

"အို..."

ကောင်မလေး၏ ပါးစပ်ကလေး ဟဟကလေး ပိုင်းသွား၏ ။ မျက်နှာနုနုလှလှကလေးပေါ်တွင် လည်း သွေးဆုတ်သည့်ကဲ့သို့ ဖြူရော်သွား၏ ။

"သွား အဝတ်လဲ"

"မုန့် မှာ အဝတ်မှ မ...မပါတာဘဲ ကိုကို......."

"အင်း...ဟုတ်သားပဲ ဟိုအခန်းထဲသွား၊ အဲဒီ မှာ တွေ့တာ ယူသာ ဝတ်ပစ်လိုက် ဟော့.....၊ ဟေး..... နေဦး၊ ငါအရင်ဝင်မယ် ငါလည်း ချမ်းလှပြီ"

စစ်မိုးဦးသည် အခန်းတံခါးကို ဖွင့်၊ မီးကို ဖွင့်လိုက်ပြီး သူ့အတွက် အဝတ်အစား တစ်စုံနှင့် မျက်နှာသုတ်ပဝါကိုယူကာ အပြင်သို့ ကမန်းကတန်း ပြန်ထွက်လာသည်။ ပြီးတော့ ရေချိုး ခန်းထဲ ဝင်လိုက်သည်။

ချမ်းတော့ချမ်းသည်၊ သို့ ပေမယ့် တစ်ကိုယ်လုံး ယားကျိကျိ ဖြစ်နေသဖြင့် စစ်မိုးဦးသည် ခပ်သွက်သွက်ကလေး ရေချိုး ချပစ်လိုက်သည်။

*

ရေချိုး ခန်းထဲတွင် အဝတ်တွေ တန်းဆွဲထားခဲ့ပြီး သူ့ဧည့်ခန်းထဲသို့ ပြန်ထွက်လာသည်တွင် သူ့ အိပ်ခန်းထဲမှ မရွှေချောကလေးလည်း ထွက်လာသည်။

"ဟင်..."

စစ်မိုးဦး မျက်စိလည်သွားသည်။

မျက်လုံးများ လည်း ပြူး ထွက်နေပါ၏ ။

မရွှေချော ကလေး၏ ဆံပင်တွေ ဘယ်လိုများ ဖြစ်သွားလေသနည်း။

အကောက်အကွေး အတွန့်အတက်တို့ မရှိကြတော့သည်သာမက ဘိုးဘိုးအောင် တန်ခိုးဖြင့် နစ် ဆမတိုးဘဲ ဘယ်လိုများ တိုတောင်း သွားကြပါလေသနည်း။ ဟော့တဲ့...ဆံတိုကလေးနှင့် ဖြစ်နေသည်။

"ကိုကို အံ့ဩသွားသလား၊ မှန် က ဆံပင်တု အာပ်လာတာ"

ဂျိုကယူစပို့ရှပ်နှင့် ကချင်ရိုးရာ ပုဆိုးရေစိုကိုလည်း အခန့်သားဝတ်ထားသော

မချောကလေးက ပြောလိုက်သည်။

ဂျိုကယူစပို့ရှပ် ဝတ်ဆင်ထားသော သူကလေး၏ ကိုယ်ကာယအလှပများ သည် ပန်းပုကလေး ထုထားသည့် အရုပ်ကလေးနှယ်....

မမြင်လိုလည်း မြင်နေရ၏ ။

မြင်လိုလည်း မြင်နေရပါသည်။

စစ်မိုးဦးသည် မကြာသေးမီကမှ အမ်ဘီဘီအက်(စ်)ဘွဲ့ရထားသော ဆရာဝန် တစ်ဦးပါ။

မ,သဘာဝ၊ ဖို,သဘာဝနှင့် စပ်ဆိုင်သော ကိုယ်ခန္ဓာအစိတ်အပိုင်း မှန်သမျှကို စစ်မိုးဦးတို့ တွေ့ခဲ့ မြင်ခဲ့၊ ကိုင်တွယ်ခဲ့ရဖူးပါ၏ ။

သူ့အတွက် ဆန်းပြားသော အတွေ့အကြုံအမြင်မဟုတ်သင့်ပါဘဲလျက် မှန် ကို ကြည့်ကာ သူရင်ခုန်နေရပါ၏ ။

သူ့ဦးခေါင်းက ဆံပင်တွေ ကို မျက်နှာသုတ်ပဝါဖြင့် ပွတ်သုတ်ရင်းက သူသည် မှန့် ကို စူးစူးစိုက်စိုက်ပင် ကြည့်နေသည်။

မသမာသော စိတ်မျိုး နှင့် တော့ မဟုတ်ပါ။

"အို....ကိုကိုကြည့်တာ မှန် မနေတတ်တော့ဘူး"

မှန် သည် သူ့ ကိုယ်သူ မလုံမလဲ ဖြစ်ကာ လက်နှစ် ဘက်ကိုယှက်၍ သူ့ရင်ကို ဖက်ရင်း ပြောလိုက်သည်။

မှန် ့ မျက်နှာကလေးတွင် ရှက်ဝဲဝဲ အမူအရာတွေ နှင့် ။

"အဟင်း..."

စစ်မိုးဦးက သူ၏ တစ်စိုစိုဖြစ်နေသော လည်ချောင်းကို ရှင်းလိုက်ပြီး နီးရာကုလားထိုင်တွင် ထိုင်ချလိုက်သည်။

“ကိုကို ကန်တော့နော် ကိုကို့ အဝတ်အစားတွေ မုန် ဝတ်ထားရတာ အားနာလှပါတယ်”

“ရပါတယ်”

ပြောသာ ပြောလိုက်ရပေမယ့် ရင်ထဲမှာ တော့ အောင့်သက်သက်နှင့် ။

“ကိုကို မုန် ထိုင်ပါရစေနော်”

“အာ....ထိုင်ပါ....ထိုင်ပါ မရွှေမှုန်”

“ကိုကိုရယ်...မုန့် ကို စိတ်ဆိုးနေသလား ဟင်၊ မုန် .... မုန် က ဒုက္ခရောက်လာတဲ့ သူပါကိုကို၊ မုန့် ကိုလေ ကိုကို ခုလိုသာ ကယ်မထားရင် မုန် ဒုက္ခလှလှ တွေ ့ရတော့မယ့်လူပါ”

စိတ်လှုပ်ရှား တိုးတိမ်စွာ ဖြင့် မုန် ကပြောလိုက်သည်။

ဖြူစင်ဝင်းနုသော မုန် ့ မျက်နှာကလေးသည် ရှာတော့မည့် မိုးကဲ့သို့ မည်း ညို့ လာ၏ ။

“အိုး.... ငိုမလို့လား.... ငိုတော့ မငိုနဲ့ ကွာ၊ သူများ မျက်ရည်ကျရင် တို့ မနေတတ်ဘူး၊ ဟပ်... ဟပ်.... ဟပ်ချိုး ....”

“ဟင်.... ကိုကို အအေး မိသွားပြီ ထင်တယ်”

“ဟပ်.... ဟပ်ချိုး ၊ ဟပ်... ဟပ်... ဟပ်ချိုး ၊ ဟာ.... တောက်”

အရေး ထဲ ချေရကောင်းလားဟု စစ်မိုးဦးသည် ကိုယ့်ကိုကိုယ် ဒေါသ ထွက်လာမိသည်။

“ကိုကို အိမ်မှာ အအေးမိရင် သောက်တဲ့ ဆေးလေးဝါးလေး မရှိဘူးလား”

“ဘာဆေးသောက် ဟပ်.... ဟပ်... ချိုး ရမလဲဗျ”

“ဟို... ဟို... ဘာမီတွန်တို့ ပါရာစီတမော့တို့ တစ်ခုခုပေါ့၊ ရှိလားဟင် ကိုကို၊ မုန် ယူပေးမယ်လေ”

"အား.... ရပါတယ်၊ သေလောက်တဲ့ ရောဂါ မဟုတ်သေးပါဘူး"

စစ်မိုးဦးက ပရုတ်ဆီဘူးကိုဖွင့်၍ ရှုရင်းက ပြောလိုက်သည်။

"ဟွန့်.... မုန် က စေတနာနဲ့ ပြောတာပါ၊ ကိုကိုက တစ်မျိုး ကြီးပဲ"

"အဟင်း..... ဟင်း.... ဟင်း"

သူ့အပြောကို သဘောကျဟန်ဖြင့် စစ်မိုးဦး ရယ်လိုက်သည်။

မုန် က ခပ်ဆောင့်ဆောင့်ကလေး သူနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ချလိုက်၏ ။

မျက်နှာကလေးက ခပ်စူစူ။

ဘယ်လို အနေအထားမျိုး ပဲ လုပ်နေနေ သူကလေး၏ မျက်နှာက ချစ်စရာ ကောင်းလွန်းလှသည်ကိုတော့ စစ်မိုးဦး ကျိတ်၍ ဝန်ခံလိုက်မိသည်။

"ကိုကို မုန် ဗိုက်သိပ်ဆာလာပြီ"

"အဲဒါ ဘာလုပ်ရမလဲ"

"အို.... ဆာတာ တစ်ခုခုကျွေးပေါ့"

"နေပါဦး၊ မင်းလေး လွန်လှချည်လား၊ သူများ အိမ်ပေါ် အတင့်ရဲပြီး တက်လာတယ်၊ သူများ အဝတ်စားတွေ ကို ဝတ်တယ်၊ ခု လာပြန်ပီ စားစရာ"

"အို.... မုန် မုန် ဒုက္ခရောက်လာတဲ့သူပါလို့ ပြောခဲ့ပါရောလား ကိုကို၊ မုန် မုန် ကိုကို့အဝတ်တွေ ဝတ်တာမကြိုက်ရင် ခုပဲ ချွတ်ပစ်....."

"ဟေ့... ဟေ့ မလုပ်နဲ့ "

စိတ်လိုက်မာန်ပါ စပို့ရှပ်ကို ချွတ်ဟန် ပြုလိုက်သဖြင့် စစ်မိုးဦး အသေအလဲ တားလိုက်ရ၏ ။

မျက်လုံး မျက်ဆန်ကို ပြူး ထွက်သွားရသည်။

မုန် သည် ဆတ်ခနဲ ထိုင်ရာမှထကာ စစ်မိုးဦး၏ ခြေရင်းတွင် ထိုင်ချလိုက်သည်။

စစ်မိုးဦး အံ့အားသင့်စွာ ဖြင့် ကြည့်နေမိ၏ ။

"မုန် ... မုန် ရှိခိုးတောင်းပန်ပါတယ် ကိုကိုရယ်၊ ဒီတစ်ညတော့ မုန် ဒီအိမ်မှာ နားခိုပါရစေ၊ မနက် မိုးလင်းတာနဲ့ မုန် သွားမှာ ပါ ကိုကို၊ မုန် တစ်နေ့ ကိုကို့ ကျေးဇူးကို ပြန်ဆပ် ဖြစ်အောင် ဆပ်မှာ ပါ"

လက်အုပ်ကလေးချီကာ မျက်ရေတွေ တရစ်ဝဲဝဲနှင့် မုန် က တောင်းပန်နေရှာသည်။

မုန့် မျက်နှာကလေးသည် အပြစ်ကင်းစင်လှ၏ ။

စစ်မိုးဦးဆိုသူကလည်း စိတ်ဓါတ်က ခပ်ပျော့ပျော့။

ကောင်မလေး နှစ် ခါ မကန်တော့ရပါ ပျော့သွား၏ ။

"ကဲ....လာ...လာ"

စစ်မိုးဦးသည် ထိုင်ရမှ ထလျှောက်သွား၏ ။

သူ့နောက်မှ မုန် လည်း ထလိုက်လာသည်။

ထမင်းစားခန်း တစ်ခန်း။

အဖိုးတန် အသုံးအဆောင်များ နှင့် ပြည့်နက်နေသော် လည်း အခန်းသည် သပ်ရပ်ခြင်း မရှိ ရှုပ်ပွနေ၏ ။

"ထိုင်"

စစ်မိုးဦးက ဘဲဥပုံ မကျတကျ ဖော်မိုက်ကာ ထမင်းစားပွဲရှိ ကုလားထိုင်တစ်လုံးကို ဆွဲထုတ်ကာ မုန့်ကို ထိုင်စေလိုက်သည်။

“ရော့ ....ဒီအုပ်ထဲမှာ ပေါင်မုန့်၊ ဟောဒီမှာ ဂျမ်နဲ့ ထောပတ်၊ ကြိုက်သလိုသာ စားပေတော့”

“အို...ကျေးဇူးတင်လိုက်တာ ကိုကိုရယ်.....”

မုန် သည် မျက်နှာကလေး ရတ်ချည်း ဝင်းလက်လာပြီး စားသောက်ဖွယ်ရာများကို ကိုင်တွယ်လိုက်သည်။

စစ်မိုးဦးကလည်း ဓာတ်ဘူးထဲက ရေနွေးဖြင့် ကော်ဖီ တစ်ကရားကို အလျင်အမြန် ဖျော်လိုက်သည်။ ပြီးတော့ ကောင်မလေးအတွက် တစ်ခွက်၊ သူ့အတွက် တစ်ခွက် ငှဲ့ထည့်လိုက်သည်။

ရေနွေးက သိပ်မပူတော့သဖြင့် ကော်ဖီမှုန့်တွေ က မကျက်ဘဲ ဖြစ်နေသည်။

မုန် က ကော်ဖီခွက်ကို လှမ်းကြည့်လိုက်သည်။

“ကိုကို ရေနွေးက မပူဘူးထင်တယ်”

“ဟုတ်တယ်”

မုန် က ပြုံး လိုက်ပြီး သေသပ်စွာ လှီးဖြတ်၍ စတော် ဘယ်ရီ ဂျမ်တစ်ထပ်၊ ထောပတ်တစ်ထပ် သုတ်ထားသော ပေါင်မုန့်နှစ် လွှာကို ထပ်ကာ စစ်မိုးဦးရှေ့က ပန်းကန်ထဲသို့ အရင် ထည့်ပေးလိုက် သည်။

“မင်းစားပါ၊ မင်း သိပ်ဆာနေတယ် မဟုတ်လား”

စစ်မိုးဦးသည် မုန် ၏ ညာဘက် လက်ကောက်ဝတ်တွင် ဝတ်ဆင်ထားသော ခေါင်းလောင်း ကလေးများ ၊ လက်ဖက်ရည်အိုးလေးများ ပါသည့် အပျော့လက်ကောက် ရွှေသားဝင်းဝင်းကလေးကို သတိပြုမိလိုက်သည်။

“ကိုကိုက မုန့်ထက် အကြီးမို့ မုန် ဦးချတာပါ”

“ဟ...ဘယ်ဆိုးလို့လဲ”

လူကြီးမှန်း သိတတ်သော မုန့်စိတ်ဓာတ်ကို စစ်မိုးဦးကျိတ်၍ ချီးကျူး လိုက်မိ၏ ။

မုန် သည် ဟပ်ဟပ်ထိုး ဆာလောင်နေသည့် မုန်သော် လည်း အစားအစာကို အငမ်းမရ စားသောက်ခြင်း မရှိ။

မုန် စားပုံက သေသပ်သည်။

မုန် ကိုင်တွယ်ပုံလေးက သိမ်မွေ့ သပ်ရပ်လှသည်။

မုန့် ကို အကဲခတ်ရသည်မှာ မုန် သည် ပေါ့ပေါ့နေ ပေါ့ပေါ့စား အတန်းအစားထဲကတော့ မဟုတ်သည်မှာ သေချာ၏ ။

"ကိုကို ဒီအိမ်ကြီးမှာ တစ်ရောက်တည်း နေတာလားဟင်....."

"အင်း...."

စစ်မိုးဦးက မုန့် ကို တစ်ကိုက် ကိုက်စားရင်းက အင်းချလိုက်၏ ။

"ကိုကို့ မိဘ၊ ဒါမှ မဟုတ်ရင် မိန်းမ မရှိကြဘူးလား"

"ဟ... တို့က လူပျို၊ အဲဒါကြောင့် ခက်နေတာပေါ့"

"ဟင်.... ဘာခက်တာလဲ ကိုကို"

မျက်လုံးကလေးကို ဝင့်ဝိုင်း၍ မုန် က မေးလာ၏ ။

"လူပျိုတစ်ယောက် တည်း နေတဲ့အိမ်မှာ မင်းလေးကို လက်ခံထားရလို့ပေါ့ကွာ"

မုန် က ပြုံး လိုက်သည်။

ဘာကို သဘောကျသွားသည် မသိ။

"ဘာပြုံး တာလဲကွ"

အလိုမကျသံဖြင့် စစ်မိုးဦးက ခပ်ငေါက်ငေါက် မေးလိုက်သည်။

"လူပျိုတစ်ယောက် တည်း အိမ်မှာ မုန် နေတော့ ဘာ ဖြစ်သလဲ ကိုကို၊ မုန်

ကလည်း အပျိုပါပဲနော်၊ လမ်းပေါ်မှာ မုန့် ကို အသည်းအသန် လိုက်နေတဲ့ လူတွေ ထက်စာရင် ကိုကိုဟာ မုန့် အတွက် လူကောင်း တစ်ယောက် ပါ......"

"ကိုကိုဟာ သမာဓိရှိတဲ့ လူ တစ်ယောက် ဆိုတာကို ပါးစပ်က ဖွင့်ပြောစရာ မရှိပါဘူး၊ မျက်နှာ ကြည့်ရုံနဲ့ မုန် သိပါတယ်၊ ဒါကြောင့် လည်း မုန် ကိုကို့ အိမ်မှာ ရဲရဲတင်းတင်း နေခဲ့တာပေါ့ ကိုကိုရဲ့ ....."

စစ်မိုးဦးသည် ဘဝင် လေဟပ်ကာ ကော်လာထောင်ချင်စိတ်ကို ကောင်မလေးရှေ့မို့ မနည်း ထိန်းသိမ်းထားလိုက်ရ၏ ။

မုန် သည် ပေါင်မုန့် နှစ် ချပ်ပူးနှင့် ကော်ဖီ တစ်ခွက်ကို စားသောက်ပြီးသော အခါ ဝမ်း ဝလင်သွားဟန်ဖြင့် နှုတ်ခမ်းပါးပါးကလေးကို လက်သုတ်ပဝါဖြင့် သုတ်လိုက်သည်။

"ခုမှပဲ နေသာ ထိုင်သာ ရှိသွားတော့တယ်၊ ကျေးဇူးတင်ပါတယ် ကိုကို"

"ကျေးဇူးတင်တာ နောက်ထား၊ ဗိုက်ပြည့်ပြီ မဟုတ်လား"

"အင်း....."

"မင်း ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာ့ကြောင့် ဒီကို ရောက်လာသလဲ မင်းနောက်ကို ဘယ်သူတွေ က လိုက်နေတာလဲ ပြောစမ်းပါဦး"

"ပြောမှာ ပါ ကိုကို၊ မုန် ကလဲ မုန့် အကြောင်းတွေ ကိုကို့ ကို ဖွင့်ပြောဖို့ ဆုံးဖြတ်ထားပြီးသားပါ၊ ကိုကို မေးတဲ့ မေးခွန်းတွေ မုန် တစ်ခုစီ ဖြေပါ့မယ်...."

"မုန် ဘယ်သူလဲ ဆိုတော့ မုန် ပဲပေါ့ ကိုကို၊ မုန့် နာမည် က မုန် ပဲ၊ ဘယ်က လာသလဲဆိုတော့ မိုးကုတ်ကပါ၊ ဘာ့ကြောင့် ဒီကို ရောက်လာသလဲ ဆိုတာ ကတော့ အရှည်ကြီး ပြောမှ ဖြစ်မယ်..."

"ဘယ်သူတွေ မုန့် နောက်ကို လိုက်နေကြတာလဲ ဆိုတော့ မုန့် ဆီက အဖိုးထိုက်တန်တဲ့ ပစ္စည်းတွေ ရယူချင်လို့ နောက်က လိုက်နေကြတာပါပဲ"

မျက်မှောင်ကုတ်၍ စစ်မိုးဦးက မုန့်ကို ကြည့်နေ၏ ။

"မုန် ပြောတာကို ယုံရဲ့ လား ကိုကို"

"ချင့်ချိန်ပြီးမှ ယုံဖို့ စဉ်းစားထားပါတယ်"

"ဒါပေါ့ .... ကိုကို၊ ခုမှ တွေ့တဲ့ လူ တစ်ယောက် ရဲ့ စကားကို ပါးစပ် အာမခံချက် ဘယ်လောက် ပေးပေး ချင့်ချိန်ပြီးမှ ယုံသင့်တယ်ဆိုတာ မုန်ပါတယ်"

တည်တည် ငြိမ်ငြိမ်ကလေး ပြောနေသော မုန့် မျက်နှာကလေးကို စစ်မိုးဦးသည် စူးရှသော မျက်လုံးများ ဖြင့် စိုက်ကြည့်ကာ အကဲခတ် နားထောင်နေ၏ ။ ပြီးတော့မှ မေးခွန်းထုတ်လိုက်သည်။

"မင်းနာမည် မုန် ဆိုတာတော့ ထားလိုက်ပါတော့၊ မင်း မိုးကုတ်က လာတယ်လို့ မင်း စကားထဲမှာ ပါတယ်နော်...."

"ဟုတ်ပါတယ် ကိုကို"

မုန် ချက်ချင်း ဖြေလိုက်သည်။

"ဘာနဲ့ လာသလဲ"

စစ်မိုးဦး၏ အမေးက ခပ်ပြတ်ပြတ်။

"လေယာဉ်နဲ့ပါ ကိုကို"

"မိုးကုတ်ကနေ လေယာဉ် ရန်ကုန်ကို ရှိသလား"

"မိုးကုတ်ကနေ ရန်ကုန်ကို ဘယ်လေယာဉ်ရှိမှာ လဲ ကိုကို၊ နွေဆိုရင် မိုးကုတ်အထိတော့ ရောက်တယ်၊ ခု မုန် မန္တလေးကတစ်ဆင့် ရန်ကုန်ကို ရောက်လာတာပါ"

မုန် က ယုတ္တိ ယုတ္တာရှိရှိကလေး ဖြေလာသည်။

"အင်း...ဆက်ပါဦး၊ ပြေးလာတာ မင်း တစ်ယောက် တည်းလား"

"ဟုတ်ပါတယ်"

"မင်းမှာ မိဘတွေ မရှိဘူးလား"

မုန့် မျက်နှာကလေးသည် ဤမေးခွန်းကြောင့် ညှိုးငယ်၍ သွားလေသည်။

"မိဘ ဟုတ်လား ကိုကို၊ အမိ ကတော့ ရှိပါတယ်၊ အဖကိုတော့ ရှိကား ရှိ၏ မရှိလို့ ဖြေရမယ်"

"ဟ...ဘယ်လိုကြီးလဲ၊ မင်း အဖြေက"

"ဟုတ်တယ်လေ.... ပေးကား ပေး၏ မရ ဆိုသလိုမျိုး ပေါ့ ကိုကိုရယ်၊ အဖေဆိုတာ ရှိပေမယ့် အဖေက မုန့် အတွက် အဖေမှ မဟုတ်တော့တာပဲ"

မုန့် မျက်နှာ နုနုကလေးပေါ်တွင် နာကြည်းမှု များ ကို တွေ့မြင်လာရ၏ ။

မုန့် မျက်ဝန်း ကျယ်ကျယ်ဝန်းဝန်းကလေးထဲတွင် မျက်ရည်တွေ ရစ်ဝဲ၍ လာ၏ ။

"မုန့် ခုလို ပြေးနေရတာ ဖေဖေ့ကြောင့် ၊ မုန့် မေမေနဲ့ ဘွားဘွား သူဇာ ဒုက္ခရောက်နေရတာ လည်း ဖေဖေ့ကြောင့် အို....မုန့် တို့ သားအမိ မြေးဘွားတစ်တွေ လောကငရဲကျနေရတာ တရားခံဟာ ဖေဖေပဲ ကိုကို...."

"မုန့် ဖေဖေ့ ကို အဖေ တစ်ယောက် အနေနဲ့ ချစ်တယ်၊ ဒါပေမယ့် မုန့် မလေးစားချင်ဘူး၊ မရှိသေချင်ဘူး၊ မုန့် လေးစားတာ၊ ချစ်တာ ရှိသေတာ ဘွားသူဇာနဲ့ မေမေပဲရှိတယ်....

"ဟုတ်တယ်၊ တစ်လောကလုံးမှာ မုန့် အတွက် မေမေနဲ့ ဘွားသူဇာပဲရှိတယ်၊ မုန့် ....မုန့် လေ မေမေနဲ့ ဘွားသူဇာကို ပစ်ပြီး ပြေး....ပြေးခဲ့ရတာ မလွဲသာလွန်းလို့ပါ၊ မလွဲသာ လွန်းလို့ပါရှင်၊ အဟင်း... ဟင်း....ဟီး."

မုန့် ငိုပါလေပြီ။

ကလေးလေး တစ်ယောက် လိုပဲ မုန့် ငိုလေသည်။

သူကလေး ငိုနေတာကို တွေ့ရတော့ စစ်မိုးဦး၏ ရင်ထဲတွင် အလိုလို

တင်းကျပ်လာ၏ ။

အသက်ရှုမှုများ ပင် မဝချင်တော့။

"အို....ဒီလောက်လဲ ငိုမနေပါနဲ့လေ၊ မင်းမှာ ရှိတဲ့ပြဿ  နာကို တို့သိရင် ဝင်ကူညီနိုင်ရင် ကူညီမှာ ပါ"

မုန် က ငိုရင်း မတ်တတ် ဦးခေါင်းကလေးကို ယမ်းခါပြလိုက်သည်။

"မ ဖြစ်ပါဘူး၊ မုန့် ကိစ္စထဲ ကိုကို ဝင်ပါလို့မ ဖြစ်ပါဘူး၊ မုန် က အသက်အန္တရာယ်နဲ့ နီးတဲ့ ပြဿ  နာတွေ ကို ရင်ဆိုင်နေရတဲ့သူပါ၊ မုန့် ကိစ္စထဲကို ကိုကို့ ကို မုန် အဝင်မခံနိုင်ဘူး"

"တရားဥပဒေ ရှိနေတာပဲ မင်းကိစ္စကို တရားဥပဒေအရ ဖြေရှင်းလို့ မရဘူးလား မုန် "

"ဘယ်သူ ဘယ်ဝါတွေ ဒုက္ခပေးနေတယ် ဆိုတာ အပ်ကျမပ်ကျ သိလာရင်တော့ မုန် တရားဥပဒေနဲ့ သူတို့ကို ရင်ဆိုင်မှာ ပေါ့ ကိုကို..."

"ခုဟာက မုန် တို့မှာ ထင်ကြေးနဲ့ ပြေးနေရတာ ၊ ဒါပေမယ့် အင်မတန် အန္တရာယ်နဲ့ နီးတဲ့ ဒုက္ခတွေ ကိုတော့ လက်တွေ့ ခံစားနေရတယ်"

မုန့် ဇာတ်လမ်းက အမေဘုတ်ချည်ခင်ကြီး ဖြစ်နေ၏ ။

မုန့် စကားတွေ ကို ယုံရမလား......

မယုံရဘူးလား......

စစ်မိုးဦး မဝေခွဲတတ်တော့ပါ။

တကယ်တော့ မုန် သည် လျှော အရိုးမရှိတိုင်း လိမ်ညာ၍ လုပ်ဇာတ်ခင်းနေခြင်း မဟုတ်ပါ။

အမုန်တကယ်ပင် မုန့်မေမေနှင့် ဘွားသူဇာတို့ကိုသာမက မုန့်ဖေဖေပါ

မမြင်ကွယ်ရာမှ အသက်အန္တရာယ်ပေးမှု ကို မကြာခဏ ခံစားနေရပါ၏ ။

ဘယ်သူ့ကို ရိုးစွပ်ရမည် နည်း။

ဒေါ်ခင်သန်းဝေကိုလား....

သို့မဟုတ်.......

ဇော်လှျမ်းမောင်ကိုလား။

ဇော်လှျမ်းမောင်သည် ဒေါ်ခင်သန်းဝေ၏ သား။

ဒေါ်ခင်သန်းဝေသည် ဖေဖေ၏ ဇနီး။

သို့သော် ......

ဇော်လှျမ်းမောင် ကတော့ ဖေဖေ၏ သား မဟုတ်။

ဖေဖေ၏ ဒုတိယဇနီး ဒေါ်ခင်သန်းဝေ ဘက်မှပါသော သား...

*

# အခန်း (၂)

ထွန်းသီရိ ရိပ်မြုံ.....။

မိုးကုတ်မြို့ ပိတ်ဆွယ်ရပ်တွင် ထွန်းသီရိ ရိပ်မြုံသည် ခြံဝင်းကျယ်ကြီးရှိသည့် အိမ်ကြီး တစ်ဆောင်။

တစ်ချိန်က တင့်ကျက်သရေတွေ ထွန်းထွန်းဝေနေ၍ ထွန်းသီရိရိပ်မြုံဟု တင်စားခေါ်ဝေါ် ထားသည်မှာ မှန်ကောင်းမှန်မည် ဖြစ်သော်လည်း ယခုအခါတွင် တော့ ဆုတ်ကျက်သရေ ရိပ်မြုံဖြစ်၍ နေသည်။

ဖေဖေ ဒေါ်ခင်သန်းဝေကို ပြောင်ပြောင်တင်းတင်းကြီး မျက်နှာပြောင်တိုက်ကာ လက်ဆွဲ၍ တင်လာကတည်းက ထွန်းသီရိရိပ်မြုံတွင် ကျက်သရေတွေ စတင်၍ ဆုတ်ယုတ်ခဲ့သည်ဟု မုန့် အမြင်မှာ ရှိသလို ဘွားသူဇာ အမြင်မှာ လည်း ရှိသည်။ မေမေ့အမြင်မှာ လည်း ရှိသည်။

သာ၍ ဆိုးသည်က ဒေါ်ခင်သန်းဝေတွင် မုန့်ထက် ငါးနှစ် ခန့် ကြီးသော ဇော်လျှမ်းမောင် ပါလာခြင်း ဖြစ်သည်။

ဇော်လျှမ်းမောင်သည် ဒေါ်ခင်သန်းဝေ၏ ပထမ အိမ်ထောင်မှ သား ဖြစ်သည်။

ဒေါ်ခင်သန်းဝေသည် မေမေ့ထက် ငယ်သည်။

နုပျိုသည်။

လှပသည်။

ခေတ်ဆန်သည်ထက် ခေတ်ရှေ့ပြေးနေသူဟုလည်း ဆိုရလောက်၏ ။

ဒေါ်ခင်သန်းဝေ၏ သား ကတော့ မုန့်ထက် ကြီးနေသည်။

မေမေထက် ဒေါ်ခင်သန်းဝေ အိမ်ထောင်ကျစောခဲ့သည်။ ဒါကြောင့် လည်း မုန့်ထက် ကြီးသော သား တစ်ယောက် ကို ရရှိနေခြင်း ဖြစ်သည်။

ဇော်လျှမ်းမောင်သည် သူ့ အမေလို အသားမည်ိုဖြူဖြူစင်စင် ပါးပါးနှင့် ကြည့်ကောင်းသော ရုပ်ရည်ရှိသူ ဖြစ်သည်။

အနေအထိုင် အေးဆေးတည်ငြိမ်သည်။

မုန် က မခေါ်သော်လည်း သူက မုန့်ကို အောက်ကျနောက်ကျခံ၍ လိုက်ခေါ်တတ်ရှာ၏ ။

မုန် ကတော့ မုန်းသည်။

သူ့ကိုလည်း မုန်းသည်။

သူ့အမေ ဒေါ်ခင်သန်းဝေကိုလည်း မုန်းသည်။

သူတို့သားအမိ ထွန်းသီရိ ရိပ်မြုံသို့ တက်လာသည့်နေ့ကဆိုလျှင် မုန် သည် ဝက်သားခုတ်သည့် တရုတ်ဓါးနှင့် သူတို့ကို နုပ်နုပ်စဉ်း ပါးပါးလှီးချင်စိတ်များ မနည်းထိန်းချုပ်ခဲ့ရ၏ ။

မ ဖြစ်ခံနိုင်ရိုးလား။

ဆိုင်းမဆင့် ဗုံမဆင့် ဝေါခနဲ ကားကြီးနဲ့ အိမ်ရှေ့ ဆင်ဝင်အောက် ရောက်လာကြသည်။

မုန် နှင့် ဘွားသူဇာကို ဖြတ်ကာ ဖေဖေသည် သူ့ ဇနီး အသစ်စက်စက်ကို လက်တစ်ဘက်ဆွဲ၊ ဇော်လျှမ်းမောင်ကို လက်တစ်ဘက် ဆွဲကာ ဧည့်ခန်းထဲ ဝင်သွားသည်။

ဧည့်ခန်းထဲတွင် မုန့်အတွက် မေမေက ဆွယ်တာ ထိုးနေသည်။

မုန့်လက်ကို ဆွဲ၍ ဘွားသူဇာလည်း အိမ်ထဲသို့ လိုက်ဝင်လာသည်။

မေမေသည် ဖေဖေ၏ အပြုအမူကို တွေ့ရလျှင် ဆွယ်တာထိုးရင်းက ကြက်သေသေ၍ ကြည့်နေ၏ ။

စတင် လှုပ်ရှားလာသူက ဘွားသူဇာ။

"ဟေ့....ဒါဘာလုပ်တာလဲ တင်ဇာ"

"မေမေ......သန်းကို ကျွန်တော် လက်ထပ်ပြီး ယူလာတာ၊ ကျွန်တော့်နဲ့ သန်းတို့ အပေါ်ထပ်မှာ နေမယ်၊ မေမေတို့အားလုံး အောက်ဆင်းနေကြပါ။ ဟေ့....ဖိုးမောင်...... ကျော့ခင်....."

"ရှင်.....လာပါပြီ ဆရာကြီး"

အိမ်ဖော်များ ပြေးထွက်လာကြသည်။

"အပေါ်ထပ်က ပစ္စည်းတွေ ၊ ကုတင်တွေ အားလုံး အောက်ထပ်ရွှေ့၊ မင်းတို့ နှစ်ယောက် နဲ့ လူမလောက်ဘူး သက်ကြီးတို့ကိုပါ ခေါ်လုပ်"

"ဟုတ်.....ဟုတ်ကဲ့ ဆရာကြီး"

"ဟေ့....ဟေ့ နေပါဦး၊ ငါ တစ်ယောက် လုံး အသက်ထင်ရှား ရှိရက်နဲ့ မင်းက ခွေးလုပ်တာလား တင်ဇာ....."

"မေမေ အသက်ကြီးပြီ၊ အေးအေးနေပါ၊ မေမေ တရားတိုက် သွားဝင်နေချင်ရင်လည်း ရတယ်၊ ဒီအိမ်က ကျွန်တော် နဲ့ ဆိုင်တဲ့ အိမ်ပဲ....."

"ကျွန်တော့် ဇနီးကို ကျွန်တော် ခေါ်တင်လာတာ မမှား ဘူး ထင်ပါတယ်၊ မေမေ့ ချွေးမရယ်၊ မေမေ မြေးရယ်ကို ကျွန်တော် နှင်ချပစ်နေတာမှ မဟုတ်ဘဲ"

"အမေ....သူက မျက်နှာပြောင်တိုက်ပြီး လာဝံ့တဲ့ဥစ္စာ ပြောမနေပါနဲ့တော့၊ တစ်သက်လုံး ထင်ရာ လုပ်လာတဲ့ လူ တစ်ယောက် ဟာ ခု ကိစ္စမှာ လည်း လျှော့လာမှာ မဟုတ်ပါဘူး...."

"ကြိုက်တဲ့ နေရာမှာ နေကြပါစေ၊ မုန် .....လာ သမီး ကိုယ့်ပစ္စည်း ကိုယ်သွားသိမ်း ကြရအောင်....."

ချွေးမစကားက သွေးထွက်အောင် မှန်နေသဖြင့် ဒေါ်သူဇာကြီး ခေါင်းငိုက်စိုက် ကျသွားတော့သည်။

မုန် သည် သူ့ကို မရှုံ့မရဲဟန်ဖြင့် ကြည့်နေသော ဇော်လျှမ်းမောင်ကို မဲ့ပြလိုက်ပြီး မိခင်နောက်သို့ ပြေးလိုက်သွားသည်။

"သားကြီး အနေရခက်နေသလား၊ အဟား...ဟာ...ဟား မခက်ပါနဲ့ကွာ၊ နောက်တော့လဲ အားလုံးငြိမ်းအေးသွားမှာ ပါ၊ အစတော့ ဒီလိုပဲ ခိုးလိုးခုလု ဖြစ်နေမှာ ပေါ့"

ဦးတင်ဇာသည် မယားပါသား၏ ပခုံးကို ပုတ်လိုက်ပြီး ရယ်ကာမောကာဖြင့် ပေါ့ပေါ့တန်တန်ပင် ပြောလိုက်သည်။

မဲ့ပြသွားသော မုန် ၏ ရင်ထဲတွင် ဘယ်လောက်များ မုန်တိုင်း ထန်နေမည်ကိုတော့ သူ ခန့်မှန်း၍ သိရှိနေပါ၏ ။

ဗွီတို အာဏာနှင့် နှင်ချလိုက်သော ကြောင့် မုန် တို့ မြေးအဘွား၊ သားအမိတတွေ ၊ အထက်နန်းမှ အောက်နန်းသို့ နေ့ချင်းညချင်း ရောက်ရှိလာခဲ့ကြရ၏ ။

ဒေါ်ခင်သန်းဝေတို့ သားအမိ အထက်စီး ရသွားလေပြီ။

ဒေါ်ခင်သန်းဝေသည် နေရာတကာ ဆက်ဆက် ဆတ်ဆတ်ပါသည်သာမက မီးဖိုချောင် ကိစ္စတွင် လည်း ဝင်စွက်လာသဖြင့် အိမ်ဖော်များ စိတ်ညစ်ရသည်။

မေမေ ကတော့ မာနရှိသည်။

ကင်းအောင် ရှင်းအောင် နေချင်သည်။ ထို့ကြောင့် ဒေါ်ခင်သန်းဝေလာ၍ ပူးသည် ကပ်သည်ကို လုံးဝ မခံဘဲ နောက်ဖေးဆောင်ကလေးတစ်ခုတွင် မုန် ရယ်၊ ဘွားသူဇာရယ်၊ သူ့အတွက်ရယ် ထမင်းဟင်း သတ်သတ်ချက်စားရန် စီစဉ်လိုက်သည်။

ဖေဖေက မုန် တို့ သုံးယောက် စာအတွက် တစ်လ ထောင့်ငါးရာ ပေးသည်။

"အို.....မလိုချင်ပါဘူး၊ တို့က ငွေ မရှိပေမယ့် ရွှေရှိတယ် ရတနာရှိတယ်၊ ဒီအထောက်ပံ့ကို မယူနဲ့ သီရိမုန် "

ဘွားဘွားက ပြောသည်။

"မသီရိလဲ မယူပါဘူး"

"အို...ဘာ ဖြစ်လို့ မယူရမှာ လဲ နေရာတကာ အလျှော့မပေးနိုင်ပါဘူး၊ အဲဒီ ပိုက်ဆံ မုန် ယူမယ်၊ မသုံးချင်ရင် သူတောင်းစား လှူပစ်လိုက်မယ်၊ အညံ့တော့ မခံဘူး"

မုန် က ဖခင်လက်မှ ငွေ ထောင့်ငါးရာကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

ဦးတင်ဇာသည် သမီး ဖြစ်သူကို ကြည့်၍ ပြုံး နေ၏ ။

"အင်း.... မသီရိ သမီးက မသီရိလို အစားထဲကပဲ"

"အမေ့ သမီး အမေလို လာမှာ ပဲပေါ့ ကိုတင်ဇာ"

"အိုး.....ဟိုး ကောင်းပါပေ့ဗျာ... ကောင်းပါပေ့"

"မုန် ကတော့ ဒီလောက်နဲ့ မကျေနပ်နိုင်ဘူး"

"ဆိုပါဦး၊ ဘယ်အတိုင်းတာများ ညည်းလေးက လိုချင်နေတာလဲ"

"မုန် တက္ကသိုလ် ဆက်တက်ဖို့ ကုန်ကျစရိတ် အားလုံးပေးရမယ်"

"အို...မေမေတို့မှာ ရှိပါတယ် တောင်းနေစရာ မလိုပါဘူး သမီးရဲ့ "

"ဟုတ်သားပဲ၊ ညည်းလေး အမေ ဒေါ်မာနဆီက တောင်းလေ"

"မလိုပါဘူး၊ ဘယ်ပစ္စည်းကိုမှ အပွန်းအပဲ့ မခံနိုင်ဘူး၊ သားသမီး ပညာသင်စရိတ်ကို မိခင်ထက် ဖခင်မှာ ပိုတာဝန် ရှိတယ်၊ တာဝန်မဲ့ ဖခင် တစ်ယောက် ဖြစ်ချင်ရင်တော့ မပေးလည်းရပါတယ်"

"အဟင်း...ဟင်း ညည်းလေး စကားကို ဖေဖေ သိပ်သဘောကျသွားပြီ၊ ဒီစကားအတွက် တစ်လ နှစ် ထောင်ပေးမယ် ဘယ်နှယ့်လဲ ကျေနပ်ရဲ့ လား....."

"ကို ကလေးကို ဒီလောက်ငွေတွေ ပေးနေရင် ဖျက်ဆီးသလို ဖြစ်သွားမှာ ပေါ့"

အလှပန်းအိုး ထိုးဟန်ပြုကာ မယောင်မလည်နှင့် နားစွင့်နေသော

ဒေါ်ခင်သန်းဝေသည် မနေနိုင်တော့ဟန်ဖြင့် ဝင်စွက်လာတော့၏ ။

"ရှင် တိတ်တိတ် နေပါ"

မုန် က ကျားမလေး တစ်ကောင်ကဲ့သို့ ခုန်ကာ ရန်တွေ့လိုက်သည်။

"မုန် လူကြီးကို စကားပြောတာ ကြည့်ပြောပါ"

ဖေဖေ့ အသံက မာလာသည်။

"မုန် တို့ သားအမိ သားအဖ ကိစ္စကြားမှာ ဒေါ်ခင်သန်းဝေ ဘာမှ ဝင်ပါစရာ မလိုပါဘူး။ ငွေရှာနေတာ ဖေဖေလား၊ သူလား ဒါပဲပြော၊ သူဆိုရင် ဒီပိုက်ဆံတွေ ပြန်ယူသွား၊ တစ်ပြားမ မတို့ဘူး မှတ်ပါ"

မုန့် စကားသည် ဒေါ်ခင်သန်းဝေ၏ ရင်ကို အောင့်သွားစေ၏ ။

"မာမီ....မုန် ပြောတာ ဟုတ်တယ်၊ သူတို့ သားအဖတစ်တွေ ကိစ္စ သူတို့ဘာသာ သူတို့ ပြောကြပါစေ၊ ဆုံးဖြတ်ကြပါစေ"

အိမ်ပေါ်ထပ်မှ ဆင်းလာသော ဇော်လျှမ်းမောင်က ဝင်ပြောလိုက်သည်။

ရင်ထဲမှာ အခံချိမခံသာ ဖြစ်နေမည် မှာ သေချာ၏ ။ သို့ သော် ဒေါ်ခင်သန်းဝေသည် သား ဖြစ်သူ ဝင်ရောက် ဟန့်တားပြီးသည့်နောက်တွင် ဆက်တီစားပွဲ အနီးမှ ခွာသွားတော့သည်။

ဇော်လျှမ်းမောင်လည်း လှေကားမှ ဆင်းလာကာ ညှော်ခန်းမကို ဖြတ်၍ ခြံဝင်းထဲသို့ ထွက်ခွါသွား၏ ။

ဦးတင်ဇာသည် အိမ်ပေါ်ထပ်ဆီသို့ အပြေးကလေးတက်သွားသော ခင်သန်းဝေကို တစ်ချက်လှမ်းကြည့်လိုက်ပြီး မုန့်ဘက်ကို မာထန်စွာ ကြည့်လာ၏ ။

"နင် တော် တော် မိုက်ရိုင်းနေ၁်၊ လူကြီးတွေ က စေတနာနဲ့ ပြောတာ၊ အစွယ်နဲ့ ငေါငေါသိပ်မလုပ်နဲ့ ငါကြည့်မရရင် နင် နာမယ်"

ငါတွေ နင်တွေ နှင့် ဖေဖေသည် မုန့်ကို အကြီးအကျယ် ဒေါသူပုန် ထနေသည်။

မုန် ကတော့ နည်းနည်း ကလေးမှ မထိ။

မေမေသည် မုန့် ကိုကြည့်ကာ ကျေနပ်နေဟန်ရှိ၏ ။

ဘွား သူဇာ ကတော့ သူ့မြေးကို နင့်နင့်သီးသီး ပြောရလေမလားဟု ဆွေ့ဆွေ့ခုန်နေသည်။

"မ,စိတ်မွှန်နေတဲ့ နွား၊ အမေမှန်း မယားကောင်းမှန်း၊ သားသမီးမှန်း မသိတတ်တဲ့ကောင်၊ နင့်ကိုမွေးရတာ ဝမ်းရည် စပ်တယ်ဟဲ့၊ ဝမ်းရည်စပ်တယ်"

"အမေ သတိထားနော်၊ အမေက ကျိန်းမာတာ မဟုတ်ဘူး၊ လူစိတ်ပျောက်နေတဲ့လူကို လူစကားသွားပြောနေလို့ အပိုပဲ"

"ဘာ…သီရိ မင်းက ငါ့ကို တိရစ္ဆာန်လို့ ပြောနေတာလား"

"ကိုယ့်ကိုကိုယ် ဘာလဲဆိုတာ ရှင့်ဘာသာရှင် ခွဲခြားကြည့်ပေါ့"

"တယ်….ဒီမိန်းမ"

မေမေက မရှောင်၊ မာထန်ထန် မျက်နှာဖြင့် ခပ်မော့မော့ ချို၍ နေ၏ ။

မုန် ကသာ မေမေ့ကို ရိုက်တော့မည် မှန်း သိ၍ ရှေ့က ဝင်ကာရပ်လိုက်သည်။

သည်တော့ မုန့် ထံသို့ သာ ဖေဖေ့လက်များ ရောက်လာသည်။

ယောက်ျား ရင့်မာကြီး တစ်ရောက်အားမို့ မုန့် ခမျာ ကြမ်းပေါ်သို့ ခွေကျသွားတော့သည်။

"မုန် …. မုန် …. သမီးလေး"

"အောင်မယ်လေး….. ငါ့မြေးလေးရဲ့ "

"အို…. အန်ကယ် ဘယ်လိုလုပ်လိုက်တာလဲ၊ လာပါ …လာပါဗျာ"

အသံများ ကြောင့် အိမ်ထဲ ဝင်လာသော ဇော်လျှမ်းမောင်သည် ဦးတင်ဇာကို ဆွဲခေါ်၍ သွားသည်။

မကြာခင် ကား တရကြမ်း မောင်းထွက်သွားသံကို အားလုံး ကြားလိုက်ရသည်။

“မုန် .....”

ခံစားလိုက်ရသော ဝေဒနာကြောင့် မူးမေ့ ရမတတ် ဖြစ်နေသော မုန့် အနီးတွင် ဇော်လျှမ်းမောင်သည် မုဆိုးဒူးထောက် ထိုင်လိုက်သည်။

သူ အမုန်တကယ်ပင် ရိုးသားသော စိတ်ဖြင့် မုန့် အတွက် ပူပင်သွားမိသည်။

“ သွားပါ မောင်ရင်၊ တို့မြေးအနားကို မကပ်ပါနဲ့”

ဘွားသူဇာက ဇော်လျှမ်းမောင်ကို တွန်းပစ်လိုက်သည်။

မေမေ ကတော့ လက်ငါးချောင်းရာ ထင်သွားသော မုန့် ပါးနုနုကလေးကို သူ့လက်ဖြင့် အသာ အုပ်ကိုင်ကာ မျက်ရည်တွေ ပေါက်ပေါက်ကျနေသည်

*

ဦးတင်ဇာ အရက်သောက်လာသည်။

အရက်ကို ပြောင်ပြောင်တင်းတင်း သောက်လာသော နေ့သည် မုန့် ပါးကို သူ ရိုက်မိခဲ့သော နေ့ ဖြစ်သည်။

သိုင်းကွက်နင်းလာသော ဖေဖေ အပေါ်ထပ်သို့ ရောက်ပြီး မကြာခင်တွင် ပစ်သံ ခတ်သံ၊ ကွဲရှသံတွေ နှင့် ရန်ပွဲကြီးတစ်ပွဲ ဆင်နွှဲနေသံကို မုန် တို့ အောက်ထပ်က နေ၍ ကြားလိုက်ရသည်။

ဒေါ်သန်းဝေ၏ ငိုရှိုက်သံများ နှင့် ရန်ပွဲက အဆုံးသတ်သွားသည်။

နောက်တစ်နေ့တွင် တစ်နေ့လုံး ဖေဖေ့ ကို မုန် မမြင်ရ။

ဒေါ်ခင်သန်းဝေ အပြင်တစ်ခေါက် ထွက်ပြီး ပြန်လာသည်ကို တွေ့ ရ၏ ။

ဇော်လှမ်းမောင်သည် ကားကို ဂိုဒေါင်ထဲ သိမ်းပြီး သစ်ပင်အောက် ခုံတန်းကလေးတွင် ထိုင်နေသော မုန့် ထံသို့ လျှောက်လာသည်။

သူလာနေသည်ကို မြင်တော့ မုန် လည်း အိမ်ထဲ ပြန်ဝင်ရန် ထလိုက်သည်။

"နေပါဦး မုန် မုန့် ကို အစ်ကိုဇော် စကားခဏ ပြောပါရစေ"

"အို.... ရှင်နဲ့ မုန် စကားပြောစရာအကြောင်း ဘာမှ မရှိပါဘူး ..... လမ်းဖယ်ပါ"

"မုန် ရယ်.....မုန့်မှာ ပြောစရာ မရှိပေမယ့် အစ်ကိုဇော်မှာ ပြောစရာတွေ ရှိနေပါတယ်၊ ခဏလေး အချိန်ပေးပါ မုန် ၊ ကိုယ် မနက်ဖြန် ထွန်းသီရိကနေ သွားတော့မှာ မို့ပါ"

မုန် ၏ လှမ်းရန် ပြင်နေသော ခြေ တန့်သွားသည်။

အံ့သြသော မျက်နှာဖြင့် မုန် သည် ဇော်လှမ်းမောင်ကို ကြည့်နေသည်။

ဇော်လှမ်းမောင်၏ မျက်နှာသည် ညှိုးနေ၏ ။

ချောင်ကျနေ၏ ။

အတော် ပင် စိတ်ထိခိုက်နေမှု ရှိနေဟန်လည်း ရှိ၏ ။

"မုန် ...... ထွန်းသီရိမှာ အစ်ကိုတို့ သားအမိ ရောက်လာကတည်းက ပြဿ နာ အမျိုး မျိုး တက်ရတာ တွေ အတွက် စိတ်မကောင်းပါဘူး၊ မာမီ့ ကိုယ်စား အားလုံးကို အစ်ကို တောင်းပန်ပါတယ်......မုန် ......"

"မာမီ့ကို အစ်ကို ငယ်ငယ်ကတည်းက သိပ်ကြောက်ခဲ့ရပါတယ်၊ အစ်ကိုဟာ မာမီ ထိုင်ဆိုတဲ့ နေရာမှာ ထိုင်တယ်၊ သွားဆိုတဲ့နေရကိုသွားတယ်၊ ဒီ ကြောက်တတ်တဲ့ စိတ်ဟာ အစ်ကို ဒီအရွယ်ကြီး ရောက်တဲ့တိုင် အစ်ကို့ကို ချုပ်ကိုင်နိုင်စွမ်း ရှိခဲ့တယ်......."

“ဒါပေမယ့် မနေ့က မုန့်ကို အနက်ကယ် ရိုက်မိတာ တွေ့လိုက်တော့ အစ်ကို့ စိတ်က တစ်မျိုး ပြောင်းလာတယ် မုန့်၊ အဲဒါ ဘာ့ကြောင့် လဲ ဆိုတာတော့ အစ်ကို ခွဲခြားလို့ မတွေ့တတ်သေးဘူး....”

“မာမီလဲ အစ်ကို့ကို သိပ် အံ့ဩသွားတယ်၊ တုန်လှုပ်သွားပုံလဲရတယ်၊ ဒါပေမယ့် မာမီဟာ အင်မတန် စိတ်ကြမ်းလူကြမ်းရှိတဲ့ မိန်းမ တစ်ယောက် ဆိုတော့ သူ့စိတ်ကိုသူ မူမမှန်အောင် မြန်မြန် ပြန်ထိန်းနိုင်ခဲ့တယ်လေ........”

“ကိုယ် မန္တလေးမှာ သွားနေမယ့် ကိစ္စကိုလည်း မဆိုင်းမတွ သဘောတူလိုက်ပါတယ်၊ မုန့် ကနေ တဆင့် ဘွားသူဇာနဲ့ ဒေါ်လေး သီရိတို့ကို ပြောပေးပါ၊ အစ်ကို ကန်တော့ သွားပါတယ်လို့”

ဇော်လျှမ်းမောင် ထံမှ ထိုသို့ သော စကားများ ကြားရတော့လည်း မုန့် သည် သူ့ကို သနားလာမိသလိုလို။

“ဟိုမှာ .....ဘယ်သူနဲ့ သွားနေမှာ လဲ၊ အမျိုး ရှိလား”

“အရင်းချာတော့ မရှိပါဘူး၊ ဝမ်းကွဲတွေ တော့ရှိတယ် မုန့်၊ အဲဒီ ကပဲ အစ်ကို ကျောင်းဆက်တက်မယ်၊ မုန့် နဲ့ အစ်ကို မုန့် ကျောင်းတက်ဖို့ လာရင်တော့ တွေ့ကြမှာ ပေါ့”

“မုန့် ဘာလုပ်နေလဲ၊ လာစမ်း”

မုန့် ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

“လာပါပြီ မေမေ”

မုန့် သည် ဇော်လျှမ်းမောင်ကို ထားပစ်ခဲ့ပြီး ချာခနဲ အိမ်ဆီသို့ ပြေးခဲ့သည်။

မုန့် ကို မေမေက နီမြန်းသော မျက်နှာဖြင့် စူးရှရှကြီးကြည့်နေသည်။

“မုန့် ဘာလုပ်လို့လဲ မေမေ”

“ဟိုကောင်နဲ့ နှစ် ယောက် တည်း ပြောစရာစကား နင့်မှာ ဘာရှိနေသလဲ ဟင်”

မေမေ့ စကားက အနှောင့်အသွား မလွတ်။

“အို.....မေမေ အထင်မလွဲပါနဲ့၊ သူက မနက်ဖြန် မွန္တလေးကို အပြီးဆင်းသွားတော့မှာ မို့ မေမေတို့ ဘွားသူဇာတို့ကို ဖြစ်ရတဲ့ ကိစ္စတွေ အတွက် တောင်းပန်ပေးပါတဲ့”

“အဟွန်း......ဘာမှ တောင်းပန်နေစရာ မလိုဘူး၊ ဒီပုတ်ထဲက ဒီပဲတွေ အရောမဝင်နဲ့၊ မေမေ မကြိုက်ဘူးနော် မုန် ၊ သတိထား”

“ဟုတ်ကဲ့ပါ မေမေ”

“သွား ဘွားဘွားသူဇာ အနားမှာ နေ၊ မေမေ ဘွားသူဇာအတွက် ဆေးသွားဝယ်မလို့”

“ဟုတ်ကဲ့ပါ မေမေ”

စိတ်ထောင်း၍ ကိုယ်ကြေ ဆိုသည့် စကားမှာ သွေးထွက်အောင် မှန်လှသည်။

ဘွားသူဇာသည် ကို့ဝမ်းနှင့် လွယ်၍ မွေးထုတ်ခဲ့သော သားနှင့် ပတ်သက်၍ စိတ်အနှောင့် အယှက်များ များ စွာ ကြုံတွေ့လာရသည့် ဒဏ်ကို မခံနိုင်တော့ဟန် တူသည်။ ယခုတလော ထူထူထောင်ထောင်ပင် မရှိချင်တော့။

နဂိုက နှလုံး အားနည်းသည့် ရောဂါ အခံလည်း ရှိနေသဖြင့် မုန် သည် ဘွားသူဇာအတွက် ရတက်မအေးနိုင်အောင် ဖြစ်နေရသည်။

*

# အခန်း (၃)

နောက်တစ်နေ့ နံနက် အစောကြီး လင့်ရှိဘာကား တစ်စီး ဇော်လျှမ်းမောင်ကို လာကြိုသွားသည်။

မုန် သည် သူ့ ပြင်းပေါက် အခန်းဆီး ကလေးကို လက်တစ်ဘက်ဖြင့် စုကိုင်ကာ ကားဆီသို့ ကြည့်နေသည်။

ဇော်လျှမ်းမောင်းသည် ကားပေါ် ရောက်ပြီး ထိုင်ခုံပေါ်တွင် သူ ထိုင်ပြီးမှ မုန့် ထံသို့ လက်ပြ နှုတ်ဆက်လိုက်သည်။

မုန် သည် မရည်ရွယ်ဘဲနှင့် လက် ပြန်ပြလိုက်မိ၏ ။

ချာခနဲ လှည့်ကြည့်လာသော ဒေါ်ခင်သန်းဝေသည် မုန့် ကို တွေ့မြင်သွားသည်။

သူ့ မျက်နှာပေါ်တွင် အပြုံး ဝင့်သွားသည်။

မုန် လည်း လက်ထဲက အခန်းဆီးကို ကပျာကယာ လွှတ်ချပစ်လိုက်သည်။

မုန် အလှည့် အခန်းထဲ ဝင်လာသော မေမေနှင့် ပက်ပင်း တိုးသွားသည်။

မေမေ့ မျက်နှာ မှုန်မှုန်ကြီးကို မကြည့်ဝံ့ဟန်ဖြင့် မုန် ခေါင်းကလေး ငုံ့သွားသည်။

"ဘာသွားကြည့်နေတာလဲ မိမုန်၊ မိန္တာ တစ်ကောင် အိမ်ပေါ်က ဆင်းသွားတာကို ဝမ်းနည်းနေသလားဟင်"

"အို......မဟုတ်ရပါဘူး မေမေ"

သည်လိုပြောတာ မုန် မခံနိုင်။

မုန့် ဦးခေါင်းသည် ဆတ်ခနဲ ပြန်ထောင်လာပြီး မုန့်မျက်လုံးများ သည် မေမေ့ မျက်လုံးများ ကို ရဲဝံ့စွာ ရင်ဆိုင်နေ၏ ။

မုန့် အမူအရာကို တွေ့ရတော့ မေမေသည် တစ်စုံတစ်ခုကို စိတ်အေးသွားဟန်ရှိ၏ ။

မေမေ့ မျက်နှာတွင် တင်းမာမှု လျော့နည်းလာသည်။

"ဘွားသူဇာ ခေါ်နေတယ်"

"ဟုတ်ကဲ့"

မုန့် သည် မေမေ့ ရှေ့မှ ဦးခေါင်းကလေး ငုံ့ကာ ဖြတ်၍ လျှောက်ခဲ့ပြီး ဘွားသူဇာ အိပ်ခန်းသို့ ကူးခဲ့သည်။

"ဘွားသူဇာ မုန့် ဘာလုပ်ပေးရမလဲ"

"ဘုရားပန်းအိုးတွေ လဲပြီးပြီလား"

"ဟုတ်ကဲ့"

"ရေတော် ကော လဲပြီးပြီလား"

"ဟုတ်ကဲ့..... ဆွမ်းတော် လဲ မေမေ ကပ်ပြီးပါပြီ ဘွားသူဇာ"

မုန့် က ဘွားသူဇာလိုချင်သော အဖြေကို ပြည့်စုံစွာ ဖြေပေးလိုက် သည်။

"ဟိုကောင်လေး သွားပြီလား"

"ဟုတ်ကဲ့......ကုတင်ပဲ သွားပါပြီ"

"အင်း.....တစ်ရန်တော့ အေးပြီပေါ့၊ ဟိုဂြိုလ်မပဲ ကျန်တော့တယ်၊ အင်း.....ဒီဟာမ ကတော့ ထွန်းသီရိကနေ ဆင်းမှာ မဟုတ်ပါဘူး၊ ဆင်းခြင်းဆင်း တို့ပဲ ဆင်းရမှာ ပဲ"

"အို....မဟုတ်တာ၊ ဒီလောက်အထိတော့ မုန့် က ဘယ်အ ဖြစ်ခံမလဲ ဘွားသူဇာရဲ့ "

"ကိုယ်က လူကောင်း မုန့်ရဲ့ ၊ လူယုတ်မာရဲ့ ညာဏ်ကို လိုက်လို့ မီမှာ မဟုတ်ဘူး၊

ခုတောင် ကြည့်စမ်း သားအရင်းတောင် သူ့ကို စွန့်သွားပြီ……

“သူ ကတော့ ကပ်ကျွန်ရစ်တုန်းပဲ၊ သူ့သားကို သူချစ်လှချည်ရဲ့ ဆိုတာ ဘယ်ရောက်သွားပြီလဲ”

“အမေက သူ့သား ဆင်းသွားတာ အကောင်း ဆင်းသွားတယ်လို့ ထင်သလား၊ မသီရိတော့ မထင်ဘူး”

ဘွားသူဇာ၏ အိပ်ခန်းထဲသို့ ဝင်လာသော မေမေသည် ကုတင်စွန်း မှန် နံ့ဘေးတွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

“မသီရိက ဘယ်လို ထင်လို့လဲ”

“ တစ်ယောက် က အတွင် းက ကြံ၊ တစ်ယေက်ကအပြင်ကကြံပြီး မသီရိတို့ကို ညှပ်မတိုက်ဘူး ပြောနိုင်သလား…..”

“သားအမိနှစ် ယောက် က တစ်ကိုတ်တည်း တစ်ဉာဏ်တည်းတွေ ပါ၊ အိမ်ပေါ်က ဒီကောင်လေး ဆင်းသွားတာတော့ မှန့်အတွက် တစ်မျိုး စိတ်အေးရတာ ပေ့ါ”

“ဟင်….မှန့်အတွက် ဟုတ်လား မေမေ၊ သူက မှန့်ကို ဘာလုပ်မှာ မို့လဲ”

မှန် သည် မျက်လုံးကလေးများ ဝိုင်းဝန်းစွာ ဖြင့် မိခင်၏ မျက်နှာကို ကြည့်ကာ မေးလိုက်သည်။

“ဒီကောင်လေးက မှန့်ကို အခွင့်သာတိုင်း ကပ်ကပ်နေတာ မဟုတ်လား၊မေမေ့ သမီးက ငယ်သေးတယ်၊ သူ့ရဲ့ ဖြားယောင်း သွေးဆောင်မှု နောက် ပါသွားရင် မေမေရော ဘွားသူဇာရော ရင်ကျိုး ရမှာ ပဲ”

“ဟုတ်တယ် မြေးလေးရဲ့ ၊ ကြိုး ချင်းထား ကြိုး ချင်းငြိ၊ အိုးချင်းထား အိုးချင်းထိ ဆိုတဲ့ စကားက အလကား မဟုတ်ဘူး……

“မြေးအတွက် ဘွားဘွားတို့မှာ အမြဲပူနေရတာ ၊ အမေက မြေးအဖေကို ရအောင်ယူတယ်၊ သားကလဲ ငါ့မြေးကို…….”

"အို.....ဘွားသူဇာကလည်း မုန် က အဲသလို အ ဖြစ် ခံပါ့မလား"

"မုန် ကငယ်သေးတယ်လေ ဘဝ အတွေ့အကြုံအင်မတန် နုသေးတယ်၊ မုန် အရွယ်က တိမ်းလွယ် ညွတ်လွယ်တဲ့အရွယ်.....

"မုန် သာ သူတို့ဘက်ပါသွားရင် ထွန်းသီရိရော၊ ဦးတင်ဇာရော မုန် ရော ဘွားသူဇာရဲ့ ဘိုးဘွားအမွေအနှစ် ရတနာတွေ ကိုရော သူတို့ရမယ်ဆိုတာ ခင်သန်းဝေက ကောင်းကောင်း သဘောပေါက်ထားတယ် မုန် .....´´

"မေမေဟာ စကားတစ်ခွန်းကို လက်လွတ်စပယ် မပြောတတ်ဘူး မုန် ၊ မုန် ့ အတွက် ဘွားသူဇာနဲ့ မေမေ ပူရတာ အကြောင်းရှိလို့ပဲ"

"ဘာ အကြောင်းများ လဲ မေမေ၊ မုန် သိပါရစေ"

"ခင်သန်းဝေက မုန် ့အဖေကို သူ့သားနဲ့ မုန့်ကို လက်ထပ်ပေးစားဖို့ ပြောနေတာ ကျော့ခင်ကိုယ်တိုင် နားနဲ့ ဆက်ဆက် ကြားခဲ့ရတယ်"

"အို......"

မုန် သည် လက်ချောင်းလှလှကလေးများ ဖြင့် ဝိုင်းသွားသော သူ့ပါးစပ်ကလေးကိုပိတ်ကာ ပြူး ဝိုင်းနေသော မျက်လုံးအစုံဖြင့် မိခင်၏ မျက်နှာကို ကြည့်နေ၏ ။

"ကျော့ခင်က အင်မတန် သစ္စာရှိတဲ့ အိမ်ဖော်ကောင်း တစ်ယောက် ၊ သူ့စကားကို မေမေ ယုံတယ် မုန် "

ဟုတ်ပါသည်၊ ကြီးကျော့ခင်သည် မုန်တို့ မိသားစုအပေါ်တွင် အလွန်သစ္စာရှိသော အိမ်ဖော်ကောင်းကြီး တစ်ယောက် ဖြစ်ပါသည်။

မုန် ဆိုလျှင်လည်း သူ့လက်ပေါ်တွင် ပင် ကြီးလာရသူ တစ်ယောက် ။

အကြံပက်စက်သော ဒေါ်ခင်သန်းဝေကို ချက်ချင်း ပင် နုပ်နုပ် စဉ်းပစ်လိုက်ချင်စိတ်များ တားမရ ဆီးမရအောင် ဖြစ်လာ၏ ။

“အင်း.....ငါ့မြေးလေးကို ကောလိပ်ပို့ဖို့တောင် ခက်နေတယ်”

“ဟင်.....မုန် ကောလိပ် မတက်ရဘူးလားဟင် ဘွားသူဇာ”

မုန် က အဘွား ဖြစ်သူ၏ ပခုံးကို အသာလှုပ်ကာ ကသော ကမျော ပြောလိုက်သည်။

“ဟိုကောင့်ရန်ကို ဘွားသူဇာတို့ ကြောက်နေရတယ်မြေးရဲ့ ”

“အို.....မုန် ကတော့ ကောလိပ်မတက်ဘဲ မနေနိုင်ဘူး၊ မုန့်ကိုမုန် ထိန်းနိုင်ပါတယ်၊ လူတွင် ပါမှ နွား ကျားကိုက်တာပါ ဘွားသူဇာရဲ့ ”

“မေမေတို့ကလဲ ကိုယ့်သမီးကလေး ပညာတတ်မကြီး ဖြစ်တာကို သိပ်မြင်ချင်တာပေါ့ မုန် .......

“အေးလေ ဒီကိစ္စအတွက် သိပ်လဲစိတ်သော ကရောက် မနေပါနဲ့ မုန် ကျောင်းတက်ဖို့က စီစဉ်ဖို့အချိန်တွေ အများ ကြီး ရှိပါသေးတယ်၊ ကဲ..ဘွားဘွား အနားမှာ နေလိုက်ဦး၊ မေမေ ဈေးသွားလိုက်ဦးမယ်”

“ဟုတ်ကဲ့......မေမေ”

ဘွားသူဇာ အနားမှာ နေရင်း မုန် သည် ဇော်လှျမ်းမောင် အကြောင်းများ ကို တွေးကြည့်နေမိ၏ ။

“သူ ငါ့ကို ဆက်ဆံပုံတွေ ကတော့ ထူးခြားပါတယ်၊ သူ့ အမေက သွန်သင်ထားလို့ သူ့ကိုယ်သူ လူအေး လူပျော့ ယောင်ဆောင်ပြီး ငါ့ရဲ့ ခင်မင်မှု ကို ယူဖို့ ကြိုးစားနေတာလား.......

“အဟင်း.....ဟင်း၊ မုန့်ကို ဒီလိုချဉ်းကပ်လို့ ကတော့ ဘယ်ရလိမ့်မလဲ ကိုဇော်လှျမ်းမောင်ရေ၊ မုန် က ဖေဖေ ဦးတင်ဇာ မဟုတ်ဘူးနော်”

“မုန် ......”

“အင်.....”

မုန် သည် ရုတ်တရက် ခေါ်လိုက်သံကြောင့် တွန့်ခနဲ ဖြစ်သွား၏ ။

“ဒီမနက် မုန့်ဖေဖေကို တွေ့လား”

ဘွားသူဇာသည် မျက်စိကိုမှိတ်၍ ပုတီးစိပ်နေရင်းက မေးလာ၏ ။

“မတွေ့မိသေးဘူး ဘွားသူဇာ”

“အေးလေ.....နောက်ဖေးလှေကားကတက်၊ နောက်ဖေးလှေကားကဆင်း လုပ်နေတော့ မတွေ့တဲ့အခါ မတွေ့ပဲနေမှာ ပေါ့.......

“ဒီကောင် ဘဝ ကတော့ သွားပါပြီ၊ အဖတ် ဆယ်လို့ရတော့မှာ မဟုတ်ဘူး၊ နေ့တိုင်း အရက်တွေ ချည်း နင်းသောက်နေတာ သူ့ ဘဝသူ ဖျက်နေတာနဲ့ အတူတူပဲ”

“အို....သူ့အကြောင်း ဘာ ဖြစ်လို့ စဉ်းစားနေရတာ လဲ ဘွားသူဇာရယ်၊ သူကောင်းတယ် ထင်လို့ လုပ်နေတဲ့ ကိစ္စပဲ”

“မဟုတ်သေးဘူး မုန် ၊ ကိုယ်မွေးထားတဲ့ သားအကြောင်း ကိုယ်အသိဆုံးပါ၊ တင်ဇာဟာ မာန ရှိတယ်၊ သူ့ အမှား လုပ်ပြီးရင် ဘယ်တော့မှ ဝန်ခံတတ်တဲ့ စိတ်လဲ မရှိဘူး ခု သူ မှား မှန်းသိနေပြီလေ”

“ပြင်လို့ မရတဲ့ အမှား ကို ကျူး လွန်ပြီးနေပြီပဲ၊ ဘာလုပ်လို့ ရတော့မှာ လဲ ဘွားသူဇာ”

“အေး.....ဟုတ်တယ်၊ ငါ့မြေး ပြောတာ မှန်တယ်၊ သူ့ဘာသာသူ လိမ့်ခံရုံပေါ့”

“ဘွားသူဇာ....”

“ဘာလဲမုန် ”

“ဘွားသူဇာတို့ မိဘများ က မေမေနဲ့ ဖေဖေ့ ကို လူကြီးချင်း သဘောတူပြီး ပေးစားခဲ့ကြတာဆို.....”

ဘွားသုဇာ၏ မျက်လုံးများ ဖွင့်ကြည့်လာ၏

"ငါ့မြေးကို ဘယ်သူ ပြောလဲ"

"ကြီးကျော့ခင်.....ဒီအိမ်ပေါ်ကို ဒေါ်ခင်သန်းဝေ တက်လာတဲ့နေ့က ပြောပြတာ"

"သြော် ကျော့ခင်က ပြောလိုက်တာလား၊ အင်း....ဟုတ်တယ်၊ လူကြီးချင်း သဘောတူပြီး ပေးစားလိုက်တာ၊ ပေးစားတဲ့အကြောင်းက မသီရိဟာ ရိုးသားတယ်၊ကြိုး စားယ်၊ မိန်းမပီသတယ် ၊ ရုပ်ရည်ရှိတယ်......

"အဲဒီ တော့ ငွေမရှိတာဟာ ဘွားသုဇာတို့ အတွက် အကြောင်း မဟုတ်ဘူးလေ၊ အင်မတန် တေချင်၊ ပွေချင်၊ လေချင်နေတဲ့ သားကို မသီရိလို မိန်းကလေးမျိုး နဲ့ ပေးစားလိုက်ရင် ကောင်းလာလိမ့်မယ်လို့ ထင်မြင်မိကြတယ်.......

"မသီရိ့ ခမျာမှာ တော့ မိဘတွေ စီမံတာကို နာခံတဲ့ သမီး အလိမ္မာကလေးပေါ့၊ သူ့ခမျာ မိဘရဲ့ ဆန္ဒကို လိုက်လျှော့ခဲ့လို့ ခု ဒုက္ခရောက်ရတာ ပေါ့......

"လူပဲကွယ်၊ သစ်တုံးတောင် လူပ်ပါများ ရင် လူပ်သေးတာပဲ၊ မသီရိလည်း တင်ဇာကို တစ်သက်လုံးတော့ ဘယ်သည်းခံနိုင်မလဲ၊ နှိမ်ပါများ တော့ ပစ္စည်းမဲ့ မာန ထောင်ထလာတာပေါ့.......

"ဒီလို ဖြစ်ရတဲ့ ကိစ္စအားလုံးဟာ တင်ဇာကြောင့် ၊ တင်ဇာမကောင်းလို့ ဖြစ်ရတာ ချည်းပဲ.......

"ခုလဲကြည့်လေ၊ ဘယ်က တစ်လင်ကွာမလား၊ မုဆိုးမလားကို အကောင်းလုပ်ပြီး အိမ်ပေါ်ဆွဲတင်လာတာ ဘယ့်လောက် ကျက်သရေယုတ်လိုက်သလဲလို့၊ သူ စိတ်ချမ်းသာရတယ်ဆိုရင်လဲ ဟုတ်ပ......"

"အို.....တော် ပါတော့ ဘွားသုဇာရယ်၊ ဒီအကြောင်းတွေ ပြောရတာ ဘွားသုဇာ မောလှပါတယ်၊ ဟော......ရစ်နာရီတောင် ထိုးပြီ၊ ဆေးတစ်ခွက်လောက် သောက်လိုက်ဦး......"

မုန် က ကုတင်ဘေးရှိ စားပွဲပေါ်ရှိ ဆေးပုလင်းကို လှမ်းယူ၍ ဖွင့်ကာ အဘွား

ဖြစ်သူအား တိုက်ကျွေးလိုက်သည်။

"ကဲ ဘွားသူဇာ နားဦး၊ စကားတွေ သိပ်ပြောတော့ မောလာပြီမဟုတ်လား"

ဒေါ်သူဇာသည် ပုတီးကို လက်က စိပ်ရင်း ပြန်မှိန်းနေလိုက်သည်။

ထိုစဉ် မေမေလည်း ဈေးဝယ်ရာမှ ပြန်ရောက်လာသည်။

*

လဆန်းတစ်ရက်မို့ ခြံဝင်းကြီးထဲတွင် မည်းမှောင်မနေဘဲ မှုန်ပျပျကလေး လင်းနေ၏။

မိုးနှောင်းကာလထဲ ရောက်နေပြီ ဖြစ်သဖြင့် မုန် တို့အရပ်တွင် အအေးဓါတ်သည် စတင်၍ ချဉ်းနင်း ဝင်ရောက်လာပြီ ဖြစ်သည်။

မုန် သည် အိပ်မပျော်နိုင်သဖြင့် ရှမ်းစောင်ကလေးကို ကိုယ်ပေါ်တွင် လွှမ်းခြုံပြီး ပြူတင်းပေါက်နားတွင် ရပ်ကာ အပြင်လောကကို ကြည့်နေသည်။

ထွန်းသီရိ တစ်ခြံလုံး တစ်ဝင်းလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထို့ကြောင့် လည်း အပေါ်ထပ်ဆီမှ ကျိတ်၍ တံခါးဖွင့်သံ တစ်ချက်ကို မုန် ကြားလိုက်ရသည်။

မုန် အခန်း တည့်တည့်ရှိ အခန်းသည် ဧည့်ခန်း ဖြစ်ပြီး ထိုဧည့်ခန်းမှ အောက်ထပ်သို့ ဆင်းသော အပြင်လှေကား တစ်ခုရှိသည်။ထိုလှေကားသည် သံထည်ဖြင့် ပြု လုပ်ထားသော ကြောင်လိမ်လှေကား လှလှကြီးတစ်ခု......။

မုန် မျက်စိ ရှင်ရှင် နားရှင်ရှင်ထားနေစဉ်တွင် ကြောင်လိမ် လှေကားပေါ်မှ ဆင်းကာ ခြံထဲရှိ သစ်ပင်ရိပ်သို့ ထွက်ခွာသွားသော ဒေါ်ခင်သန်းဝေ၏ သဏ္ဌာန်ကို တွေ

လိုက်ရသည်။

ဒေါ်ခင်သန်းဝေသည် ရှောစောင်ကို ခေါင်းမြီးခြုံထားပြီး မုန့်ကို ကျောပေးရပ်ကာနေ၏ ။

တစ်ယောက် တည်း ရပ်နေဟန်တော့မတူ တစ်ချက်တစ်ချက် လက်တစ်ဘက်က လှုပ်လှုပ်သွား၏ ။

ဒေါ်ခင်သန်းဝေ တစ်စုံ တစ်ယောက် နှင့် စကားပြောနေသည်မှာ သေချာ၏ ။

ထိုသူ ဘယ်သူ ဖြစ်သနည်း။

မုန် ကြိုး စား၍ ကြည့်နေပါသည်။

မတွေ့ရ.....။

မဲလုံး ဘယ်ရောက်နေသနည်း။

ထွန်းသီရိတွင် အင်မတန် အားကိုးရသော အင်းခွေးကြီး မဲလုံး၏ အရိပ်ယောင်ကိုလည်း မတွေ့ရ။

မဲလုံးသည် လူစိမ်း မဆိုထားနှင့် အိမ်သား တစ်ယောက် ဖြစ်နေပြီ ဖြစ်သော ဒေါ်ခင်သန်းဝေကို တွေ့တိုင်း မာန်ဖီတတ်သော ကြောင့် ဖေဖေ၏ အရိုက်အနက်အကြိမ်ပေါင်းများ စွာ ခံခဲ့ရသည်။

မဲလုံး ပျောက်နေသည်ကို မုန် အံ့သြနေမိ၏ ။

ဒေါ်ခင်သန်းဝေသည် အချိန်သိပ်မယူဘဲ လျင်မြန်စွာ ပင် ဘေးဘီကို တောင်ကြည့် မြောက်ကြည့်နှင့် အိမ်ပေါ်ထပ်သို့ ပြန်တက်သွား၏ ။

မုန် သည် သစ်ပင်ရိပ်ကြီးအောက်သို့ နက်မှော င် စူးရှနေသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေမိသည်။

ဘာကိုမျှမတွေ့ရ။

ဒေါ်ခင်သန်းဝေ ဆင်းတွေ့သူသည် ဘယ်သူနည်း။

ဒီမနက် အိမ်ပေါ်က ဆင်း သွားပါသည် ဆိုသော ဇော်လျှမ်းမောင်ပဲလား၊ ဒါမဟုတ် တစ်စုံတစ်ခုသော အကြံအစည်ဖြင့် လူဆိုးတွေ နှင့် တိုင်ပင်နေခြင်းလား။ ဖေဖေ့နောက်ကွယ်မှာ ရှိတဲ့ နောက်ထပ်လူ တစ်ယောက် လား။ လူကောင်းတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။

မုန် မဝေခွဲတတ်ပါ။

အင်း.....ဒီအချိန်ဆိုရင် ဖေဖေအရက် ကောင်းကောင်းမူးပြီး ဖင်မှန်းမသိ ခေါင်းမှန်းမသိ အိပ်ပျော်နေမည် မှာ သေချာ၏ ။

ဒေါ်ခင်သန်းဝေသည် လုပ်ချင်ရာလုပ်နိုင်သော အခွင့်အရေး ကြီးကို ရရှိနေသူဖြစ်၏ ။

မုန် သည် သူ့ အိပ်ခန်းတံခါးကိုဖွင့်၍ မေမေနှင့် ဘွားသူဇာအိပ်ခန်းသို့ ပေါ့ဖွသော ခြေလှမ်းများ ဖြင့် ကူးခဲ့သည်။

ဘွားသူဇာသည် အိပ်ဆေးကြောင့် နစ် ခြိုက်စွာ အိပ်ပျော်နေသည်။

မေမေ ကတော့ တစ်နေကုန် စိတ်ပင်ပန်း၊ လူပင်ပန်း၍ အမောကြီးမောကာ အိပ်မောကျနေပုံရ၏ ။

မုန် လည်း တံခါးကို အသာပြန်စေ့ကာ သူ့အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

အိပ်မပျော်နိုင်သူက အောက်ထပ်တွင် မုန် ၊ အပေါ်ထပ်တွင် တော့ ဒေါ်ခင်သန်းဝေ ဖြစ်မည် မှာ သေချာ၏ ။

အိပ်ယာပေါ်တွင် လူးလူးလိမ့်လိမ့်နဲ့ပဲ မုန့်အတွက် မိုးလင်းခဲ့သည်။

မုန်သည် ဆွမ်းချက်နေသော မေမေ့ကို ညက မြင်တွေ့ရသော အကြောင်းများ ဖွင့်ပြောလိုက်မိသည်။

မေမေသည် မျက်ခုံးနှစ် ဖက် ထိစပ်လောက်အောင် မျက်မှောင်ကြုတ်ရင်း လေးလေးနက်နက် တွေးတောရင်း မုန့် စကားတွေ ကို နားထောင်နေ၏ ။

``မေမေ ဘယ်လို ထင်သလဲ ဟင်´´

``ထင်နိုင်စရာတွေ ကတော့ အမျိုးမျိုးပဲပေါ့ သမီးလေးရယ်၊ ဒီမိန်းမက အကြံနဲ့ အိမ်ပေါ် ရောက်လာတယ်ဆိုတာ မေမေတို့ သိနေတာပဲ၊ သတိ ဝီရိယနဲ့ပဲ နေကြရုံပေါ့...´´

``ဒီအကြောင်း သမီးရဲ့ ဘွားသူဇာ မသိစေနဲ့နော်၊ ဘွားသူဇာရဲ့ ရောဂါ အခြေအနေက မကောင်းဘူးလို့ ဆရာဝန်ကြီးက ပြောတယ်´´

``မုန် မပြောပါဘူး မေမေ...´´

``ကဲ.... သွား သွား ရေတော် လဲပြီး ဘုရားပန်းအိုးတွေ ပြုပြင်လိုက်၊ မေမေ လာခဲ့မယ်´´

``ဟုတ်ကဲ့ မေမေ´´

မုန် မီးဖိုဆောင်ကလေးမှ လှည့်ထွက်ခဲ့သည့်အတွင် ကသော ကမော လျှောက်လာသော ကြီးကျော့ခင်၏ ယောက်ျား ဘဖိုးမောင်ကို တွေ့လိုက်ရ၏ ။

``ဘာလဲ.. ဟင်.. ဘဖိုးမောင်´´

``လုံမလေး မုန် မဲလုံး သေသွားပြီ´´

``ဟင်....´´

မုန့် ရင်ထဲတွင် ဘယ်လိုကြီး ဖြစ်သွားမှန်း မသိတော့။

``ဘယ်မှာ လဲ ဘယ်မှာ လဲ... မဲလုံး ဘယ်မှာ လဲ´´

``ဟိုး.... ခြံဝနားက သစ်ပင်အောက်မှာ ´´

မုန် ဘာကိုမျှ မစဉ်းစားနိုင်တော့ဘဲ မဲလုံးရှိရာသို့ ကမူးရှူး ထိုး ပြေးထွက်လာခဲ့မိသည်။

မုန့် ခြေထောက်တွင် ဖိနပ်တောင် မပါခဲ့။

မုန့် နောက်က မေမေနှင့် ဘဖိုးမောင်တို့လည်း ပြေးလိုက်လာခဲ့ကြသည်။

မုန်သည် ညိုမှိုင်းမှိုင်း အမွေးအရောင် နှင့် ကြီးမား တုန်ခိုင်သော ခန္ဓာကိုယ်ရှိသည့် မဲလုံးကို ပွေ့ကာ တင်းကျပ်စွာ ဖက်ပြီး ကလေးလေးကဲ့သို့ ငိုချလိုက်၏ ။

``မုန်... မုန်... သမီး´´

မေမေက မုန့် ပခုံးကလေးကို ကိုင်ကာ တလှုပ်လှုပ် လုပ်၍ ခေါ်နေ၏ ။

``မုန့် ခွေးကို သတ်တယ်၊ မုန့် ခွေးကို သတ်တယ်၊ ခွေး သေသလို သေကြပါစေ၊ ခွေးသေသလို သေကြပါစေ၊ အဟင့်... ဟီး... ဟီး... ဟီး´´

မုန် သည် နာကြည်းသော စိတ်ဖြင့် ကောင်ကောင်းကြီး ကျိန်ဆဲလိုက်သည်။

``ကိုဖိုးမောင် မဲလုံးကို ကောင်းကောင်း မြေမြှုပ်လိုက်ပါ ရှင်....´´

``ဟုတ်ကဲ့ မသီရိ´´

``မုန်...... သမီးလေး.. ထ..... ထတော့´´

မေမေသည် မုန့်ကို အတင်းဆွဲထူပြီး အိမ်ဆီသို့ ပြန်ခေါ်လာခဲ့သည်။

``မုန် တိတ်တော့ကွယ်၊ ဘွားသူဇာ သိသွားလိမ့်မယ်´´

သည်တော့မှ မုန်လည်း ဘွားသူဇာအတွက် စိုးရိမ်ကာ လွတ်ထွက်သွားသော သူ့စိတ်ကို ပြန်ထိန်းနိုင်ဖို့ ကြိုးစားရတော့သည်။

``မုန်... သမီး ဘုရားခန်းဝင်တော့၊ မေမေ လိုက်လာခဲ့မယ်´´

မုန်သည် မျက်နှာပေါ်က မျက်ရည်များ ကို ကြမ်းတမ်းစွာ သုတ်ပြီး ဘုရားခန်းဆီသို့ ထွက်ခဲ့သည်။

မိမိလုပ်ရမည့် ဝေယျာဝစ္စများ ပြီးလျှင် မုန်သည် မဲလုံးတစ်ကောင်

ကောင်းရာသုဂတိသို့ လားစေကြောင်း ဆုမွန်ကောင်း တောင်း၍ ကုသိုလ်အမျှ ပေးဝေလိုက်သည်။

ပြီးလျှင် ခြံဝင်းထဲရှိ ရရာပန်းများ ကို ခူးယူကာ မဲ့လုံးကို မြှုပ်နှံနေသော နေရာသို့ မုန် အပြေးကလေးရောက်ခဲ့သည်။

``ဟင်... ဒါ ဘာလုပ်နေတာလဲ´´

မုန် နှင့် မလှမ်းမကမ်းတွင် ဒေါ်ခင်သန်းဝေ လာရပ်ပြီး မေးလိုက်သည်။

``မဲလုံးကို မြှုပ်နေတာ´´

``ဟင်... မဲလုံး သေသွားပြီ ဟုတ်လား၊ ဘယ်လို သေသွားတာလဲ၊ ညက အကောင်းကြီးပါ´´

``အဆိပ်မိတာပဲ၊ ပါးစပ်က အမြှုပ်တွေ ထွက်ပြီး သေသွားတာ´´

``အို... ဘယ်သူများ လုပ်လိုက်ပါလိမ့်´´

ဒေါ်ခင်သန်းဝေသည် စိတ်လက်မကောင်းဟန်ဖြင့် မြေပုံကို ကြည့်နေ၏ ။

``ခွေးထက် မိုက်တဲ့ လူယုတ်မာတွေ လက်ချက်နဲ့ မဲလုံး သေတာပေါ့၊ ဒီဟာတွေလည်း မဲလုံး သေသလို သေမှာ ပဲ မကြာပါဘူး´´

မုန်သည် ခပ်ခွက်ကျကျ ဘုထောပြီး လက်ထဲက ပန်းခြင်းထဲက ပန်းများ ကို မဲလုံး၏ မြေပုံပေါ်တွင် ကြဲလိုက်ပြီး ထိုနေရာမှ ချာခနဲ လှည့်ပြေးခဲ့တော့သည်။

မုန့် မျက်လုံးသည် မျက်ရည်စတွေ ဖြင့် မြင်ကွင်းများ ဝါးဝေ၍ နေသည်။

*

# အခန်း (၄)

မုန် ဘွားသူဇာကို နံနက်စာ မုန့်နှင့် မိုင်လိုများ တိုက်ကျွေးနေစဉ် မေမေ သီရိမုန်သည် ဈေးဝယ်ထွက်သွား၏ ။

``ဒီမနက် နေလို့ ကောင်းရဲ့ လား ဘွားသူဇာ´´

``အင်း... ညက ကောင်းကောင်းအိပ်ပျော်သွားတော့ တယ်မမောလှတော့ဘူး ငှါမြေးရဲ့ ၊ ဘွားသူဇာကလည်း နေ့တိုင်းကြီးတော့ အိပ်ဆေး မသောက်ချင်ဘူး၊ စွဲသွားမှာ ကြောက်တယ်လေ´´

``ဒေါက်တာ ပေးထားတဲ့ ဗီလီယံဖိုက်က အားအပျော့ဆုံး ဆေးပါ ဘွားသူဇာရဲ့ ၊ နေကောင်းအောင် တစ်ပတ်လောက်တော့ ဆက်သောက်လိုက်နော်´´

``အင်း... သောက်ရမှာ ပေါ့ကွယ်၊ ဒါနဲ့ သမီး မေမေကိုလည်း ပိုင်းပြောဦး၊ ဘွားသူဇာအတွက် ဖွယ်ဖွယ်ရာရာတွေ သိပ်မလုပ်နေနဲ့၊ ဘွားသူဇာလည်း စားနိုင်တာ မဟုတ်ဘူး၊ အလကား ပင်ပန်းနေမယ်ကွယ်´´

``အစားအစာကလည်း အာဟာရ ဖြစ်တော့ ဘွားသူဇာ ဟိုဟာစားကောင်းနိုးနိုး၊ ဒီဟာ စားကောင်းကောင်းနိုးနိုး လုပ်ပေးနေတာပါ´´

``အင်း...မသီရိဟာ ဘွားသူဇာ မွေးမထုတ်ရရုံ တစ်မည် ပဲ၊ သမီးချွေးမ ကောင်းလေး ပီသပါပေတယ်၊ ကိုယ့်လူက မကောင်းလွန်းတော့ မသီရိကို ဘွားသူဇာ အားတောင်နာလာမိတယ်´´

``အိုး... ဘွားသူဇာကလည်း မဟုတ်တာ အားနာရတယ်လို့၊ ကဲ... ကဲ ဒီမိုင်လိုလေး တစ်ခွက်လောက် ကုန်အောင်သောက်လိုက်ပါဦး´´

မုန်သည် အဘွား ဖြစ်သူကို အစားအသောက်ဝင်ရန် ဂရုတစိုက် ကျွေးမွေးနေပါ၏ ။

``မုန်… မုန်ရေ´´

``ရှင်… လာပြီး ကြီးကျော့ခင်´´

``မုန် သွားလိုက်ဦး၊ ကျော့ခင် ဘာလိုသလဲ မသိဘူး´´

``ဟုတ်ကဲ့ ဘွားသူဇာ´´

မုန်သည် မိုင်လိုခွက်ကလေးကို စားပွဲပေါ်တွင် အသာချထားခဲ့ပြီး အပြေးကလေး အပြင်သို့ ထွက်ခဲ့သည်။

``အင်း… ကြီးကျော့ခင် ဘာ ဖြစ်တာလဲ´´

ဒေါ်ကျော့ခင်သည် ငိုနေရာမှ မုန့်ပါးစပ်ကို လှမ်းပိတ်ပြီး ဘွားသူဇာ၏ အိပ်ခန်းနှင့် ဝေးရာသို့ ခေါ်ဆောင်သွားသည်။

``မုန့်…မ…. မသီရိ ကား… ကားတိုက်ခံရလို့´´

``ဟင်….´´

မုန့် ဦးခေါင်းကို မိုးကြိုးခွင်းပါလေပြီ။

``မေမေ… မေမေ ကားတိုက်ခံရလို့ အောင်မလေး မေမေ သေပြီလား´´

``မုန်… မုန် သတိထား၊ ဘွားသူဇာ သိလို့မ ဖြစ်ဘူး´´

မုန့် ပါးစပ်ကို အတင်းပိတ်ရင်း ဒေါ်ကျော့ခင်က ပြောနေ၏ ။

``မေမေ ဘာ ဖြစ်သွားပြီလဲ၊ မုန်… မုန် ပူလိုက်တာ၊ အို… မုန် ရူး… ရူးတော့မှာ ပဲ´´

``မုန်… လာ… လာ´´

ဘဖိုးမောင်သည် မုန့်လက်ကို ဆွဲကာ ခေါ်သွားသည်။

မုန့်ကိုမုန် ခြေနှင့်မြေ ထိနေမှန်းပင် မသိတော့။

အချင်း ဖြစ်ပွားရာကို မုန်တို့ ရောက်တော့ မေမေ၏ လက်ဆွဲခြင်းကလေး

မြေပြင်ပေါ်တွင် တုံးလုံးလဲနေပြီး အထဲက အာလူး၊ ကြက်သွန်နှင့် အခြားစားသောက်ဖွယ်ရာ ဟင်းရံများ ကျဲပြန့်နေသည်ကိုသာ တွေ့ရတော့သည်။

အချိန်အတော် ကြာမှ မုန်နှင့် မေမေ တွေ့ခွင့်ရသည်။

မေမေ့ အခြေအနေက မကောင်း၊ ဦးခေါင်းတွင် ရသော ဒဏ်ရာထက် ပေါင်ကို ဖြတ်ကြိတ်မိသော ဒဏ်ရာက ပိုပြင်းသည်ကို မုန် သိရ၏ ။

အရူးမီးဝိုင်းသည်ကဲ့သို့ မုန် ဖြစ်သွားသည်။

မုန့်စိတ်သည် အထိန်းအကွပ် လွတ်ထွက်သွားပြီး ဘာတွေ ဖြစ်သွားသည် မသိ။

မုန့်ကိုမုန် သတိထားမိတော့ မုန်သည်လည်း ကုတင်တစ်လုံးပေါ်တွင် ရောက်နေသည်ကို တဖြည်းဖြည်း သိမြင်လာရသည်။

``မုန်... သမီးလေး သတိထားပါကွယ်၊ သိထားပါ၊ မုန့် မေမေနဲ့ ဘွားသူဇာအတွက် မုန် တစ်ယောက် တည်းပဲ ရပ်တည်မယ့်သူ ရှိတော့တာကို သတိထားပါ´´

``ကြီးကျော့ခင်ရယ်´´

မုန် သည် ကြီးကျော့ခင်ကို ဖက်ကာ သည်းသည်းထန်ထန် ငိုချလိုက်သည်။

``မုန် သတိထားပါ သမီးရယ်´´

``ဘယ်လူယုတ်မာက မုန့် မေမေကို ကားနဲ့တိုက်သွားတာလဲ ဟင်´´

``ဘယ်သူ တိုက်သွားမှန်း မသိလိုက်ကြဘူး၊ ကားနံပါတ် မမှတ်မိပေမယ့် လင့်ရခဘာ အမျိုးအစားဆိုတာတော့ မှတ်မိလိုက်တဲ့လူ ရှိတယ်´´

မုန်သည် အငိုတန့်ခနဲ ဖြစ်သွားကာ နက်နက်နဲနဲ တွေးနေဟန် ဖြစ်သွား၏

``လင်ရိဘာကား... လင့်ရိဘာကား... ငါ့အမေကို လုပ်ကြံတာပဲ ဖြစ်ရမယ်၊ ဒီလူယုတ်မာတွေ လုပ်ကြတာပဲ ဖြစ်ရမယ်၊ မတော် တဆ တိုက်မိတာ ဟုတ်မှမဟုတ်ဘူး´´

မုန်သည် အံကို တင်းခနဲနေအောင် ကြိတ်လိုက်သည်။

``မုန်… မသိရှိ သတိရလာပြီ၊ မုန့်ကို မေးနေတယ်၊ မေမေ့ရှေ့မှာ အားတင်းပါ သမီးရယ်´´

ဘဖိုးမောင်က မုန့်ကို လာခေါ်သွားသဖြင့် မုန့် မေမေ ကုတင်ဆီသို့ ရောက်ခဲ့သည်။

မေမေသည် တုန်နေသော လက်ဖြင့် မုန့် ဦးခေါင်းကို ကိုင်လိုက်သည်။

``မုန်…´´

``မေမေ´´

``မုန်… သမီး၊ စိတ်ကို ခိုင်ခိုင်ထားပါ၊ အကုသိုလ် ဖိစီးလာတာကို ခါးစည်းခံဖို့ပဲ ရှိတော့တယ် သမီး၊ ဘွားသူဇာကို ဂရုစိုက်ပါကွယ်၊ တကယ်လို့များ ဘွားသူဇာက သူ့ဆုံးဖြတ်ချက်နဲ့ သမီးလေးကို တစ်နေရာရာလွှတ်ရင် မငြင်းပါနဲ့၊ ချက်ချင်း ထွက် သွားပါ´´

``မုန် ဘယ်ကိုသွားရမှာ လဲ မေ၊ မုန် မေမေနဲ့ ဘွားသူဇာကို ပစ်ပြီး ဘယ်မှမသွားဘူ၊ ဘယ်မှ မသွားဘူး´´

``မုန်… မေမေ့စကားကို နားထောင်စမ်း၊ ဘာ ဖြစ်ရင် ဘာလုပ်ရမယ်ဆိုတာ မေမေနဲ့ ဘွားသူဇာ တိုင်ပင်ထားပြီးသား…

``မေမေတို့ထက် မုန့်အတွက် မေမေတို့ ကြည့်ရမယ်၊ အိမ်ကို ပြန်ပါ မုန်၊ ဘွားသူဇာအနားမှာ နေပါ´´

``မေမေရယ်… မုန် မေမေ့ကို ဒီအတိုင်း မထားပစ်ခဲ့နိုင်ဘူး´´

မုန့် မျက်လုံးအစုံမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏ ။

``မုန်.. သမီး၊ မေမေ့ကို ချစ်တယ်မဟုတ်လား´´

မုန်က ဦးခေါင်းကလေး ဆတ်ခနဲ ညိတ်ပြလိုက်သည်။

``အေး… ချစ်ရင် မေမေ့စကား နားထောင်၊ မုန့်ကို မေမေ ဖွင့်ပြောလိုက်မယ်၊

မေမေ့ ပေါင်တစ်ဖက် ဖြတ်ထုတ်ခဲ့လိုက်ရပြီ´´

``မေမေ....´´

မုန်သည် ခုန်ထပြီး မေမေ့ကိုယ်ပေါ်မှ ခြုံစောင်ကို ဆွဲခွာလိုက်သည်။

မေမေ့မှာ ခြေတစ်ဖက် မရှိတော့ပြီ။

``မုန်... မုန်´´

မုန့်လက်ကို မေမေသည် ခပ်နာနာဆုပ်၍ လှုပ်ယမ်းနေ၏ ။

``မုန်.. သတိထားစမ်း၊ မုန်ဟာ မေမေ့သမီး၊ မေမေ့သမီးဟာ မေမေ့လိုပဲ စိတ်ဓာတ်မာရမယ်၊ မာနရှိရမယ်၊ ကြားလား...

ခု... မေမေ ဒုက္ခိတ ဖြစ်နေပြီ၊ ဒုက္ခိတမကြီးကို နောက်ထပ် ဘယ်သူတွေ က ဘာဒုက္ခပေးဦးမလဲ၊ ရတယ်... မထူးတော့ဘူး....

ထူးတာ ကတော့ မေမေ့သမီး နုနုထွတ်ထွတ်ကလေးကို ဘယ်သူမှ မထိပါးဖို့ နားလည်လား.. မုန်၊ နားလည်လား´´

မေမေသည် နာကျင်နေသော ဝေဒနာကို အံအတင်းကြိတ်၍ ခံရင်း မုန့်ကို နားချနေ၏ ။

``မုန် အိမ်ပြန်၊ ဘွားသူဇာကို မျက်ခြည်မပြတ် ကြည့်၊ သိပ်အရေး ကြီးတယ်´´

မေမေက မုန့်ကို တွန်းလွှတ်ပစ်လိုက်သည်။

မုန်လည်း မေမေ့ မျက်နှာကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်ပြီး နေရာမှ ချာခနဲ လှည့်၍ ပြေးထွက်ခဲ့၏ ။

အခန်းအပြင်ဘက်တွင် ရပ်စောင့်နေသော ဒေါ်ကျော့ခင်နှင့် ဦးဖိုးမောင်လည်း ပထမ ကြောင်နေသည်။ နောက်တော့ ဒေါ်ကျော့ခင်က တွန်းလွှတ်လိုက်သဖြင့် မုန့်နောက်ကို ဦးဖိုးမောင် ပြေးလိုက်လာသည်။

ထွန်းသီရိရိပ်မြုံသို့ရောက်လျှင် မုန်သည် ဘွားသူဇာ၏ အခန်းတံခါးကို တုန်လှုပ်နေသော စိတ်များ ဖြင့် ဖွင့်ချလိုက်သည်။

ဘွားသူဇာသည် ဘွားခနဲ အခန်းဝတွင် ပေါ်လာသော မုန့်ကို မမှတ်မသုန်သော မျက်လုံးများ ဖြင့် ကြည့်နေ၏ ။

မုန့် မျက်နှာပေါ်တွင် သူ အဖြေရှာနေခြင်း ဖြစ်ဟန်တူသည်။

``မုန်... တံခါးပိတ်ပြီး ချက်ထိုးခဲ့´´

မုန်သည် တံခါးကို လျင်မြန်စွာ ပိတ်၍ ချက်ထိုးပြီး ဘွားသူဇာ၏ ကုတင်ဆီသို့ အလျင်အမြန် ရောက်ရှိလာ၏ ။

``ဘွားသူဇာ´´

ဒေါ်သူဇာသည် သူ့ရင်ဘတ်ပေါ်တွင် မျက်နှာကလေးအပ်ထားသော မုန်၏ ကျောပြင်ပေါ်သို့ သူ့လက်ကိုတင်ကာ ပွတ်သပ်ပေးနေ၏ ။

``မုန်...´´

``ရှင်...´´

``ဘွားဘွားမေးတာကို မလိမ်မညာဘဲ ဖြေစမ်း။ အချိန်ဟာ ဘွားဘွားတို့အတွက် သိပ်အရေး ကြီးနေတယ်...

မသီရိ ဘာ ဖြစ်သလဲ၊ အသက်အန္တရာယ်နဲ့ ရင်ဆိုင်သွားပြီလားဟင်၊ မုန် ပြောစမ်း၊ ဘွားသူဇာကို ပြောစမ်း´´

မုန့် မျက်နှာကလေးကို ဆွဲမော့ကာ အတင်းအမိန့်ပေးနေ၏ ။

မုန့် မျက်နှာကလေး နီးမြန်း၍ မို့အစ်နေသည်ကို သူ့မျက်တောင်မခတ်ကြည့်ရင်း မုန့်ပါးစပ်မှ ထုတ်လာမည့် အဖြေကို စောင့်နေ၏ ။

``မုန်... ပြောလေ´´

``မေမေ…မေမေ… ကား… ကားတိုက်ခံရလို့´´

``သေပြီလား´´

``မသေပါဘူး၊ ဒါ… ဒါပေမယ့် ပေါင်တစ်ဖက်ဖြတ် ဖြတ်… အိုး…. ဘွားသူဇာရယ်´´

``မှန်´´

ဘွားသူဇာသည် မှန်၏ ပခုံးကလေးနှစ် ဖက်ကို ဆုပ်ကိုင်၍ မှန့် ကိုယ်ကို မတ်ပေးရင်း သူလည်း ထိုင်လိုက်သည်။

``မှန့် အဝတ်အစားကလွဲလို့ အခြားလိုချင်တဲ့ ပစ္စည်းတွေ ရွေးယူပြီး ဘွားသူဇာအခန်းကို မြန်မြန် ပြန်လာခဲ့´´

``အို… မှန်… မှန် ဘာလုပ်ရ…´´

``စကားများ မနေနဲ့၊ မှန် ခရီးထွက်ရမယ်၊ မြန်မြန်လုပ်… ဩော်… မှန် တစ်ခါ တစ်ခါ တပ်တဲ့ ဆံပင်တုကိုပါ ပါအောင်ထည့်ခဲ့…´´

မှန်ကို တွန်းလွှတ်လိုက်သည်။

မှန်သည် သူ့အိပ်ခန်းဆီသို့ ကမူးရှူး ထိုး ပြေးဝင်သွားပြီး ဗီရိုကို ဖွင့်ကာ လယ်သာစလင်းဘတ် အလတ်စားကလေးထဲသို့ ဆံပင်တုနှင့် အခြားလိုအပ်သော ပစ္စည်းများကို ဆွဲ၍ ထိုးထည့်လိုက်၏ ။

ပြီးလျှင် တစ်စုံတစ်ခုကို သတိရရှိသွားကာ မေမေ့အခန်းကို ပြေးဝင်သွားပြီး မေမေ့ဗီရိုထဲမှ ပစ္စည်းကို အလျှင်အမြန်ထုတ်ယူကာ စလင်းဘတ်ထဲသို့ ထိုးထည့်လိုက်သည်။

သူပြန်ရောက်လာတော့ ဘွားသူဇာသည် မတ်တပ်ထရပ်ပြီး သူ့ဗီရိုနားတွင် အလုပ်ရှုပ်နေသည်ကို တွေ့ရ၏ ။

``ဘွားသူဇာ´´

``မှန်… ရော ဒီငွေတွေ ထည့်´´

မုန်သည် ငွေစက္ကူအသစ်ကျပ်ချွတ် အထပ်လိုက်ကြီးကို သူ့စလင်းဘတ်ထဲသို့ ထိုးသွင်းလိုက်ပြန်သည်။

စလင်းဘတ်ကလည်း သွင်းတိုင်း ဆံ့နေသည်။

``မုန်... အင်္ကျီစကို မစမ်း´´

မုန်က သူဝတ်ထားသော ဂျင်းရှပ်စ အင်္ကျီအောက်စကို ဗိုက်သားဖွေးဖွေးဝင်းဝင်းကလေးများ ပေါ်သွားသည်အထိ မ,တင်လိုက်၏ ။

ဘွားသူဇာသည် သူဝတ်ထားသော အင်္ကျီအောက်စကိုမ,ကာ ခါးတွင် ပတ်ထားသော ခါးပတ်ပုံ စနစ်တကျချုပ်ထားသည့် အဝတ်အိတ်ရှည်မျောမျောကြီးကို ဖြုတ်ယူကာ မုန့်၏ ခါးတွင် ပတ်ပေးလိုက်သည်။

အသေအချာလည်း ချိတ်များ ကို ကိုယ်တိုင်ကိုယ်ကျ ချိတ်ပေးလိုက်၏ ။

``မုန်... ငါ့မြေး၊ မန္တလေးမှာ ရှိတဲ့ ဘွားလေးမူယာဆီကို့ ရောက်အောင် သွားပေတော့၊ ခုလတ်တလောဆိုရင် ငါ့မြေးကို သူတို့ ရန်ရှာနိုင်ကြဦးမှာ မဟုတ်ဘူး...

ခုနတုန်းက တင်ဇာရော၊ ခင်သန်းဝေရော ထွက်သွားကြတာ ဘွားသူဇာ မြင်လိုက်တယ်၊ ရပ်ဖျက်သွားသင့်တဲ့ နေရာရောက်ရင် ဆံပင်တုတပ်ပြီး ရပ်ဖျက်သွား.....

ဟောဒီမှာ စာ၊ ဒီစာကို ရရင် မူယာ သမီးလေးကို ကောင်းကောင်း စောင့်ရှောက်ထားလိမ့်မယ်´´

``ဘွားသူဇာရယ်.. မုန်... မုန်လေ မသွား...´´

``မုန်... စျေးဆစ်မနေနဲ့၊ စျေးဆစ်ရမယ့်အချိန် မဟုတ်တော့ဘူး မသီရိနဲ့ ဘွားဘွားအတွက် မပူနဲ့၊ ကျော့ခင်နဲ့ ဖိုးမောင် ရှိတယ်´´

``ဟိုမှာ မူယာ့ သားကြီး ကိုကိုထိန်လင်းအောင်လည်း ရှိတယ်၊ ဒီမှာ ထက် စိတ်ချရတယ်၊ သွား... သွား သမီးလေးရယ်´´

မုန်သည် ဘွားဘွားကို ထိုင်ကန်တော့ခဲ့ပြီး ထွန်းသီရိမှ ချာခနဲ လှည့်၍ ထွက်ပြေးခဲ့တော့သည်။

ရင်နာစွာ ဖြင့် မုန် မေမေ၊ ဘွားဘွားသူဇာနှင့် ထွန်းသီရိကို ကျောခိုင်းခဲ့ရခြင်းပါ။

*

မုန်သည် သူငယ်ချင်း နန်းရွှေစင်၏ ဖခင် ဦးစိုင်းနော်မောင်းနှင်းသော ဂျစ်ကားဖြင့် မန္တလေးသို့ ဆင်းခဲ့သည်။

ခရီးတစ်ခုလုံး တောင်ကြည့်ရ မြောက်ကြည့်ရနှင့် ကျီးလန့်စာစားသကဲ့သို့ ဖြစ်နေရပါ၏ ။

နောက်ကကားကိုမြင်တိုင်း မုန် ကြောက်နေရပါသည်။

ကိုယ့်ကားဘေးက ကားတစ်စီးစီး အထူးသဖြင့် လင့်ရိဘာကား ဖြတ်မောင်းသွားသည်ကို တွေ့ရတိုင်း မုန်မှာ အသည်းတုန် အူတုန် ဖြစ်နေရ၏ ။

တောင်ဆင်း ခရီးတစ်နေရာတွင် အနောက်မှ လာသော ကားတစ်စီးက ကပ်ပွတ်သွားသဖြင့် မုန်တို့ ဂျစ်ကားကလေး လမ်းဘေးချောက်ထဲသို့ လိမ့်သွားတော့သည်။

``ဟ... ဟ... ဟ´´

``အား.....´´

မုန် ကြောက်အား လန့်အားနှင့် စူးစူးဝါးဝါး အော်လိုက်မိသည်။

ငါတော့ သေပါပြီဟု မုန် တထစ်ချ မှတ်ယူလိုက်မိ၏ ။

သို့သော် သေကံမရောက် သက်မပျောက်တန်သေးတော့ မုန် လွင့်ကျန်ရစ်ခဲ့သော နေရာသည် ကမူကလေးသဏ္ဍာန် ဖြစ်နေသော နေရာ ဖြစ်သည်။

မျက်လုံးများ ဖွင့်ကြည့်လိုက်တော့ မုန် ဘာမှ မ ဖြစ်သေးကြောင်း ကိုယ့်ကိုယ်ကို တွေ့ရသည်။

စလွယ်သိုင်းထားသော မိချောင်းသားရေ စလင်းဘတ်ကြီးမှာ လည်း မုန့် ကိုယ်ပေါ်တွင် ခိုင်ခိုင်မြဲမြဲ ရှိနေဆဲ....

မုန်သည် သစ်ပင်များ ကိုဆွဲ၍ ဆွဲ၍ ကိုင်ကာ အချင်း ဖြစ်ပွားသည့် နေရာနှင့် အတော် ဝေးအောင် သွားပြီး ထိုင်သာသော နေရာတွင် ခေတ္တထိုင်၍ ဆံပင်တုကို ခေါင်းတွင် ဆောင်းလိုက်သည်။ ထို့နောက်မှ ကားလမ်းပေါ်သို့ မုန် ရောက်အောင် ပြန်တက်ခဲ့သည်။

ဦးစိုင်းနော်၏ ကံကြမ္မာအတွက် မုန်း စိတ်မကောင်းရုံမှအပ ဘာမျှမတတ်နိုင်။

ခရီးသည်ကားတစ်စီး ဆင်းလာသည်ကို မုန် တွေ့ရတော့
သိပ်ဝမ်းသာသွားမိသည်။

မုန် လက်တားလိုက်သည်။

မုန့်ကို အံ့သြသလိုကြည့်ပြီး ယာဉ်မောင်းက ရပ်ပေးလိုက်သော ကားပေါ်သို့ မုန် လျင်မြန်စွာ တက်လိုက်ပါသည်။

ခရီးသည်များ ကြားတွင် မုန်သည် ကိုယ့်ကိုယ်ကို အတတ်နိုင်ဆုံး ပုကျုံ့၍ ထိုင်လာခဲ့သည်။

မန္တလေးရောက်သည်အထိ နောက်ထပ် အန္တရာယ် တစ်စုံတစ်ရာကို
လမ်းခရီးတွင် မုန် မကြုံတွေ့ရတော့ပါ။

သို့သော် ကားဂိတ်အဆင်းတွင် တော့ လက်ဆွဲအိတ်နှင့် လူနှစ် ယောက် မုန်ကို ကြည့်နေတာကို မုန် တွေ့လိုက်ရသည်။

မုန် ရင်တွင် ထိတ်ခနဲလာရပြန်သည်။

မုန်သည် ကသည်းဝင်းရှိ ဘွားလေး မူယာဆီသို့ သွားရန် လျင်မြန်စွာ
ထွက်ခဲ့သည်။

ကံဆိုးချင်တော့ ဘွားလေးမူယာနှင့် သူ့သားရန်ကုန်သို့ ဆင်းသွားကြောင်း သိရ၏ ။

နောက်က နောက်ယောင်ခံနေသူများ ကို မျက်စိလှည့်ရန် မုန်သည် ခြံဝင်းကို တစ်ပတ်ပတ်၍ နောက်ပေါက်ထဲမှ ခြံဝင်းထဲသို့ ဝင်လိုက်သည်။

သူ့တို့ မျက်ခြည်ပြတ်သွားကြဟန် တူ၏ ။

မုန်သည် တစ်ညတာ ဝင်းစောင့်အိမ်ကလေးတွင် အိပ်ခဲ့သည်။

နောက်တစ်နေ့တွင် မုန် ရန်ကုန်သို့လိုက်ရန် ဆုံးဖြတ်ပြီး လေယာဉ်လက်မှတ် ဝယ်လိုက်သည်။ ရန်ကုန်သို့ ပြန်ဆင်းမည် ဖြစ်သော လေယာဉ်ကြီးပေါ်သို့ မုန် ရောက်ခဲ့ပါပြီ။

စိတ်အေးရပြီ ထင်နေသော မုန်သည် နောက်သို့ အမှတ်မထင် ကြည့်မိသည်တွင် လေယာဉ်၏ နောက်ဆုံး ထိုင်ခုံတွင် ပါလာသူကို မုန်း တွေ့လိုက်ရပြန်သည်။

အတော် ခြေရာကောက် ကောင်းကြသူများ ဖြစ်ဟန်တူ၏ ။

``အိုး... ဘုရား.... ဘုရား...´´

မုန်မှာ ပြေးစရာမြေ မရှိတော့ပါလားဟု မုန် ဝမ်းနည်းသွားမိသည်။

မုန့်ဘေးနားတွင် ရည်ရည်မွန်မွန် အမျိုးသားကြီးတစ်ဦး ထိုင်နေသည်။

မျက်လုံးကလေးများ စုံမှိတ်၍ အသက်ပြင်းစွာ ရှူရှိုက်နေသော မုန့်ကို ထိုအမျိုးသားကြီးက မူးဝေနေသည်ဟု ထင်မှတ်သွားပုံရ၏ ။

``တူမလေ ခေါင်းမူးနေသလား၊ ရော့... ရော့.. ဒါလေးရှူလိုက်´´

မုန်လည်း လက်ထဲရောက်လာသော ရှူတောင့်ကလေးကို ရှူရင်း ပြူတင်းပေါက်မှန်မှ အပြင်သို့ ကြည့်လိုက်သည်။

မြင့်မားစွာ ပျံသန်းနေသော လေယာဉ်၏ အောက်ဘက်တွင် တိမ်လွှာတွေ က ပြေးနေသယောင်။။

``အင်း... အင်း ငါလည်း ပြေးနေရတာ ပဲ၊ ဘယ်ထိအောင် ငါ ဆက်ပြေးနေရဦးမလဲ´´

မရေရာ မသေချာသော ပန်းတိုင်ဆိုတာကို မှန်းကြည့်ရင်း မှန် ရင်မောနေရပါ၏ ။

``ကလေးမ ခရီးထွက်လာတာ တစ်ယောက် တည်းလား´´

``ဟုတ်ပါတယ် အန်ကယ်၊ လေဆိပ်မှာ အိမ်က လူတွေ လာကြိုမှာ ပါ´´

``ဩော်... ဟုတ်လား၊ လမ်းသင့်ရင် အန်ကယ်က အန်ကယ့်ကားနဲ့ လိုက်ပို့ပေးမလို့ မေးတာပါ´´

``ကျေးဇူးတင်ပါတယ် အန်ကယ်´´

မကြာမီ မှန်တို့ ရန်ကုန်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ခရီးသည် အန်ကယ်ကြီးသည် မှန်ကဲ့သို့ လက်ထဲက အတတ်ချီအိတ် ပြားပြားကလေးက လွဲ၍ ဘာပစ္စည်းမှမပါသူတစ်ဦး ဖြစ်သည်။

ကားများ ထားရာနေရာတွင် သူ့ကားကို သော့ဖွင့်နေသည်ကို မှန် တွေ့ရသည်။

လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ငရဲသားနှစ် ဦးလည်း လူအုပ်ကြီးကြားထဲမှာ မှန်ကိုရှာဖွေရင်း မှန်နှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာ၏ ။

``အန်ကယ်´´

``အိုး...´´

``ဘယ်ဘက်ကို သွားမှာ လဲ ဟင်´´

``မင်္ဂလာဒုံဘက်ပဲ၊ ဘာ ဖြစ်လို့လဲ´´

``မှန်လည်း လိုက်ချင်လို့ပါ၊ ရမလား ဟင်´´

``အို.. လိုက်လေ၊ ကြိုတဲ့လူ မလာဘူး ထင်တယ်´´

မှန်သည် ဖွင့်ပေးလိုက်သော ကားရှေ့ခန်းတံခါးမှ အထဲသို့ ဝင်ထိုင်လိုက်သည်။

မှန် နောက်ကို အမီလိုက်ရန် ဟို ငနဲ့သားနှစ် ဦးကလည်း ကားတစ်စီးကို အသည်းအသန် လိုက်ငှားနေသည်ကို မှန်တွေ့ခဲ့ရသည်။

``ကလေးမအိမ်က ဘယ်မှာ လဲ´´

``ဒီကနေ သိပ်မဝေးလှပါဘူး´´

ပါးစပ်က ထွက်မိရာရာကို မှန် ပြောလိုက်မိသည်။

စော်ဘွားကြီးကုန်း လမ်းဆုံသို့အရောက်တွင် မှန်သည် ဘယ်နေရာကို ရောက်နေမှန်းမသိပေမယ့် လမ်းပေါင်းများ စွာ ကို တွေ့နေရသဖြင့် ကားကို ရပ်ခိုင်းလိုက်သည်။

``မှန် ဆင်းတော့မယ် ရှင့်´´

အမျိုးသားကြီးက ကားရပ်ပေးလိုက်သည်။

``အိမ် အထိ လိုက်ပို့ပေးရမလား´´

``အို... မှန် သွားလို့ရပါပြီ၊ သိပ် ကျေးဇူးတင်ပါတယ် အန်ကယ်´´

အမျိုးသားကြီးကပြုံး ၍ ကားကို မောင်းထွက်သွားသည်။

မှန်လည်း ရှည်ရှည်ဝေးဝေး တွေ းမနေတော့ဘဲ ဈေးဆိုင်ကလေးများ ရှေ့မှ ဖြတ်ကာ မင်္ဂလာလမ်းဟု အမည် တပ်ထားသော လမ်းထဲသို့ ဝင်လိုက်ပါသည်။

လမ်းထဲသို့ ရောက်လျှင် မှန်သည် အုတ်ဂူများ ၊ မြေပုံများ ၊ လက်ဝါးကပ်တိုင်များ နှင့် ရှိနေသော ခရစ်ယာန်သင်္ချိုင်းကို အမှတ်မထင် တွေ့လိုက်ရသည်။

``အို... ငါ့အတွက် သင်္ချိုင်းထဲ ရောက်တယ်ဆိုတဲ့ အတိတ်နိမိတ်များ လား၊ ကြုံကြုံဖန်ဖန် ဒီနေရာကို ရောက်လာရတယ်လို့.....´´

မုန်၏ တင်းခံထားသော စိတ်များ လျော့ပြေချင်လာသလို ဖြစ်သွားသည်။

မုန် နောက်သို့ လည်ပြန်လှည့်ကြည့်လိုက်သည်။ လမ်းထဲသို့ လိုက်ဝင်လာသော ဟိုင်းနဲ့နှစ် ယောက် စီးလားသည့် ဇက်ဖားကားနက်ကြီးကို တွေ့လိုက်ရသည်။

မုန် ခြေကုန်သုတ်ပါတော့သည်။

လမ်းအသွယ်သွယ်၊ ကုန်းအထပ်ထပ် လျှောက်နေလိုက်သည်မှာ ဘယ်ကို ရောက်လို့ရောက်မှန်းပင် မသိတော့။

လမ်းကျယ်ထဲ ရောက်သွားလိုက်၊ လမ်းကျဉ်းကျဉ်းကလေးထဲ ရောက်လိုက်၊ ဗွက်တောရွံ့တောထဲ ရောက်လိုက်နှင့် သူမကျွမ်းကျင်သော နယ်မြေထဲတွင် မုန်သည် မနားတမ်းလျှောက်ခဲ့ရ မှော ငရီပျပျ အချိန်ကလေးတွင် ကားသွားသာအောင် အုတ်ခံတံတားကျယ်ကျယ်ကလေး ပြုလုပ်ထားသည့်နေရာသို့ ရောက်ရှိလာသည်။

တံတားကလေးထိပ်တွင် ရပ်၍ ဘာလုပ်ရမည် ကို စဉ်းစားနေစဉ် သူ့ရှေ့တူရူအရပ်ဆီမှ ရည်ရည်မွန်မွန် ရှိလှသော ဘောင်းဘီရှည်ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦး လျှောက်လာသည်ကို တွေ့ရ၏ ။

ထိုလူသည် တံတားကလေး၏ တစ်ဖက်ထိပ် ခြံဝင်းကြီးတံခါးကို ဖွင့်နေစဉ် မိုးကမရွယ်ဘဲ ရွာချလိုက်သည်။

မုန်လည်း စဉ်းစားမနေတော့ပါ။

သူ့နောက်ကလိုက်၍ သူ့အိမ်ထဲသို့ ပြေးဝင်ခဲ့မိတော့သည်။

*